ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 10 February 2023 ၁၁၀၀၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# လာမည့်ကာလတွင် ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်သွားမည်

## ပညာရေးတွင် KG+9 သင်ကြားပြီးမြောက်ချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကူးပြောင်းသင်ကြားနိုင်ရေး အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

### အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

### နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနှင့် အာဆီယံ တူညီဆန္ဒ (၅) ချက်အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အမေးအဖြေကဏ္ဍ

စာမျက်နှာ » ၈

ကြေးမုံ

# သယံဇာတအရင်းအမြစ်များဖြင့် စီးပွားရေးမြှင့်တင်

နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် စီးပွားရေးဦးတည်ချက် (၄) ရပ်တွင် “သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”နှင့်“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး”အချက်တို့ ပါရှိသည်။

စီးပွားရေးဦးတည်ချက်တွင်ပါရှိသည့် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”သည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည်။ နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်(၄)ရပ်တွင် “ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး” အချက် ချမှတ်ထားပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေမှုတို့ကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လျက်ရှိပြီး စားရေရိက္ခာဖူလုံရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာဝပြောသည့်တိုင်းပြည် ဖြစ်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရာ၌ နိုင်ငံတစ်ဝန်း လုံခြုံချောမွေ့မှုရှိစေရေးကို အလေးထားဆောင်ရွက်နေချိန်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝိုင်းဝန်းအကောင်အထည်ဖော်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိလာအောင် နိုင်ငံတော်အစိုးရက အားပေးကူညီဖြည့်ဆည်းပေးနေသည်။ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်မြှင့်တင်ရေးတွင် စားသောက်ကုန်လုပ်ငန်းများသည် ပြည်တွင်း/ ပြည်ပလိုအပ်ချက် ကြီးမားကျယ်ပြန့်သောလုပ်ငန်းများဖြစ်၍ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍကို ကျယ်ပြန့်စွာဆောင်ရွက်နေသည်။

“နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ရေးအတွက် မိမိအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ပမှအကူအညီများကို ရယူမှုအနည်းဆုံးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ အတတ်နိုင်ဆုံး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျှင်ကောင်းမွန်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကူညီအားပေးရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် အာမခံထားပြီး ပူးပေါင်းစွမ်းအားဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်စေရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပန်းတနော်မြို့နယ်ရှိ ငါးလုပ်ငန်းများကို စစ်ဆေးစဉ် ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ စံနမူနာပြစီးပွားရေးလုပ်ငန်းကြီးတစ်ခု ထူထောင်ထားသည်။ ပန်းတနော်မြို့နယ် မိုးကုတ်ဒီးဒုတ်ကွင်းအတွင်း၌ သိပ္ပံနည်းကျ အဆင့်မြင့်ခေတ်မီငါးသားဖောက်ခြင်းနှင့် မြန်မာနိုင်ငံတွင် အကြီးဆုံး ငါးမွေးမြူခြင်း၊ ကုန်ချောပြုပြင်ထုတ်လုပ်ခြင်း၊ အစာတောင့်ထုတ်လုပ်ခြင်းတို့ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ ယခုအခါ သိပ္ပံနည်းကျဖြင့် ငါးတန် အထီး၊ အမ တစ်သိန်းနှစ်သောင်းကို ပြုစုထားရှိကာ နေ့စဉ်ငါးသားပေါက်(ငါးမှုန်)ကောင်ရေ သိန်း ၄၀ ကို ထုတ်လုပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် ငါးသန်/ ငါးဖြန်းကောင်ရေ သိန်း ၂၅၀ ခန့်နှင့် အသားတိုးငါးကောင်ရေ သိန်း ၂၅၀ ခန့်ကို မွေးမြူထားရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးသွားပါက မြန်မာ့ရေလုပ်ငန်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအတွင်းရှိ တစ်ဦးချင်းစီ၏ဝင်ငွေများလည်း တိုးတက်လာနိုင်မည်။

ပြည်ပမှ ရေထွက်ကုန်ပစ္စည်း အစားအသောက်တင်သွင်းခြင်းမှ ကုန်ကျလျက်ရှိသည့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း သက်သာစေနိုင်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် နိုင်ငံ့ စီးပွားရေးကဏ္ဍသည်လည်း ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ သိပ္ပံနည်းကျ အဆင့်မြင့်ငါးမွေးမြူထုတ်လုပ်ခြင်းစီမံကိန်းကြီးသည် ငါးသားပေါက်မွေးမြူသည်မှ ငါးအဆင့်မြင့်ကုန်ချောများရရှိသည်အထိ ပါဝင်သည့်စီမံကိန်းလုပ်ငန်းကြီးဖြစ်သဖြင့် လူဦးရေအမြောက်အမြားကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအကျိုးဖြစ်ပေါ်စေနိုင်မည့် မွေးမြူရေးစီမံကိန်းကြီးတစ်ခုဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရာ၌ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မည့် ဖော်ပြပါစံပြစီမံကိန်းကြီးကဲ့သို့ ပြည်တွင်းသဘာဝသယံဇာတများကို အသုံးချ၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တူကီယဲနိုင်ငံသမ္မတ မစ္စတာ ရီဆက် တေရစ် အဒိုဂန်ထံသို့ စာနာထောက်ထားကြောင်းသဝဏ်လွှာ ပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံနယ်စပ်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် တူကီယဲပြည်သူအများအပြား အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ခြင်းများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ တူကီယဲနိုင်ငံသမ္မတ မစ္စတာ ရီဆက် တေရစ် အဒိုဂန်ထံသို့ စာနာထောက်ထားကြောင်းသဝဏ်လွှာကို ၇.၂.၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့သည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီးရီးယားနိုင်ငံသမ္မတ ဒေါက်တာ ဘာရှား အယ်-အာဆတ်ထံသို့ စာနာထောက်ထားကြောင်းသဝဏ်လွှာ ပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံနယ်စပ်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ဆီးရီးယားပြည်သူအများအပြား အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ခြင်းများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဆီးရီးယားနိုင်ငံသမ္မတ ဒေါက်တာ ဘာရှား အယ်-အာဆတ်ထံသို့ စာနာထောက်ထားကြောင်းသဝဏ်လွှာကို ၇.၂.၂၀၂၃ ရက်နေ့တွင် ပေးပို့ခဲ့သည်။

**သတင်းစဉ်**

## တာဝန်မှ ရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၈ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

**တာဝန်မှရပ်စဲခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဝင်းမြင့် အား တာဝန်မှရပ်စဲလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၆၄ | ၅၄၆,၉၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၁,၁၇၀ | ၃,၈၆၁,၀၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၂,၀၀၀ | ၂,၁၅၀ | ၉,၅၃၅ | ၁၉,၁၂၁,၇၅၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၆၀၀ | ၉၂ | ၂၄၇,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၂၇ | ၁,၁၁၂,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၅၉.၇ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၉.၈၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၇၅၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၆.၅၆ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၃၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၄.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၈.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၆၀၄.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၆.၈၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ


**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက Myanmar Electronic Voting Maching (MEVM)စမ်းသပ်တည်ဆောက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က Myanmar Electronic Voting Maching (MEVM)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က Myanmar Electronic Voting Maching(MEVM) တည်ဆောက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက Myanmar Electronic Voting Maching (MEVM) စမ်းသပ်တည်ဆောက် ထားရှိမှုနှင့် ပတ်သက်၍ ထိန်းချုပ်စက် (Control Unit)၊ ဆန္ဒပြုစက် (Ballonting Unit– Main, Extension)၊ ဆန္ဒပြုစက်မှန်ကန်မှုရှိ/မရှိ ပြသသောစက် (Verifica–tion Unit)၊ မဲပုံးနှင့် ဘက်ထရီများ ဖွဲ့စည်း တည်ဆောက်ထားရှိမှု၊ ထည့်သွင်း အသုံးပြုထားသည့် စက်များနှင့် အသုံးပြုရခြင်း ရည်ရွယ်ချက်များ၊ သုံးသပ်အကြံပြုတင်ပြချက်များ၊ အရေအတွက် အများအပြား ထုတ်လုပ်ရန်အတွက် ပြင်ဆင်ရမည့် အချက်များ၊ လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စမ်းသပ်မဲပေးမှုကို ကြည့်ရှု**

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် စမ်းသပ်တည်ဆောက်ထားသည့် Myanmar Electronic Voting Maching (MEVM)ဖြင့် စမ်းသပ်မဲပေးမှုကို ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စမ်းသပ်တည်ဆောက်ထားသည့် Myanmar Electronic Voting Maching (MEVM) ဖြင့် စမ်းသပ်မဲပေးမှုကို ကြည့်ရှုစဉ်။

✪ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝင်ငွေနှင့် အသုံးစရိတ်မျှတမှုမရှိသည့် လုပ်ငန်းများရှိနေကြောင်း၊ သို့ဖြစ်၍ ဝင်ငွေနှင့် သုံးငွေ မျှတမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် စီမံခန့်ခွဲမှု လွဲမှားမှုများကြောင့် အချို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရကြောင်း၊ အချို့လုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသော်လည်း လစာငွေပေးချေထားရခြင်းများနှင့် ထိန်းသိမ်းမှု ကုန်ကျစရိတ်များ များစွာရှိနေကြောင်း။

ရပ်တန့်ထားသည့် စက်ရုံများသည် နိုင်ငံ့အတွက် အရှုံးများသာဖြစ်သဖြင့် ပြန်လည် လည်ပတ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကုန်အကျအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် မလိုလားအပ်ဘဲ ငွေကြေးကုန်ကျမှုများ မဖြစ်ပေါ်စေရေး မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေလိုကြောင်း၊ မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းမရှိပါက အရေးယူခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ဦးစီးခေါင်းဆောင်ရသည့် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို သိရှိအောင် ဆောင်ရွက်ပြီး မှန်ကန်သည့် လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အား ပေးအပ်လာသည့်တာဝန်ကို မူဝါဒအားဖြင့် သိရှိဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

လာမည့်ကာလတွင် ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အထောက်အကူပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးတွင် KG + 9 သင်ကြားပြီးမြောက်ချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကူးပြောင်းသင်ကြားနိုင်ရေး အောင်မြင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အောင်မြင်သောပညာရေးစနစ်ဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ပေးကြစေလိုကြောင်း။

နောင်ကျင်းပမည့် အခမ်းအနားများနှင့် ပတ်သက်၍ ဘာသာရေး၊ နိုင်ငံရေး သက်ဆိုင်ရာကဏ္ဍအလိုက် အခမ်းအနားများကို ရိုးရာအစဉ်အလာမပျက် အနှစ်သာရပြည့်ဝစွာဖြင့် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုတို့သည် ပြင်ပ ပယောဂများကြောင့် ပျောက်ပျက်သွားခြင်းများမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင် အဓိကအားဖြင့် လာမည့် ထပ်မံသက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို တာဝန်ရှိသူအားလုံး စဉ်းစားသုံးသပ်နိုင်ရန်နှင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း။

**“ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်”** ဟူသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် ပထမဆုံးအချက်နှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်ကြေညာခဲ့ပြီး နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူစဉ်က ဆူပူဆန္ဒမှုများရှိခဲ့ပြီး နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ သွေးထိုးမြှောက်ပင့်မှုများကြောင့် နောက်ပိုင်းကာလများတွင် ဆူပူမှုမှ အကြမ်းဖက်မှု၊ လက်နက်ကိုင်အကြမ်းဖက်မှု စသည်တို့ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် ဥပဒေနှင့်အညီ ဆန္ဒပြမှုများကို ခွင့်ပြုထားကြောင်း၊ သို့သော် ဆန္ဒပြမှုကျော်လွန်၍ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်သည်အထိ ဖြစ်ပေါ်လာသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းများအပြင် သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များကိုပါ အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုအချိန်တွင် ဆူပူဆန္ဒပြသူများမှ သဘောထားတင်းမာသူများကို သောင်းကျန်းသူနယ်မြေများအထိ ဆွဲထုတ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အဖြစ် ဖွဲ့စည်း၍ နိုင်ငံတော်ကို လက်နက်ကိုင်တိုက်ခိုက်ရန် လုပ်ဆောင်လာမှုများရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့ EAO အဖွဲ့များပါဝင်ကြောင်း၊ မိမိတို့ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများတွင် EAO များ အသုံးပြုသည့် လက်နက်များ၊ ခဲယမ်းများပါဝင်သကဲ့သို့ နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံများမှ လက်နက်များလည်း ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးအဖြစ် သတ်မှတ်ထားသည့် နယ်မြေများတွင် စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမရှိသည့် နယ်မြေများတွင် အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီသာ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိန်းသိမ်းရန်ခက်ခဲသည့်နေရာများကိုသာ စစ်အုပ်ချုပ်ရေးအမိန့်များ ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ အကြမ်းဖက်မှုများ သိသိသာသာ လျော့နည်းကျဆင်းသွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုများ လျော့နည်းပပျောက်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ်ကူးပြောင်းခါစ အစောပိုင်းအခြေအနေများတွင် အကြမ်းဖက်မှုများ အနည်းငယ်ပြန်လည်ဖြစ်ပေါ်လာခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ်အရ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုကို ပျက်ပြားစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ၊ စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးမှုများ၊ မိုင်းထောင်ဖောက်ခွဲမှုများနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအပေါ် ခြိမ်းခြောက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်လာခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)ကိုပြုလုပ်၍ မိမိအနေဖြင့် နိုင်ငံတော်၏ အရေးပေါ်အခြေအနေကာလအတွင်း လုပ်ဆောင်ချက်နှင့်တွေ့ရှိချက်များကို ယာယီသမ္မတထံတင်ပြ၍ လက်ရှိကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရန် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ချက်များရှိနေသေးကြောင်း တင်ပြခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးပေါ်အခြေအနေ သတ်မှတ်ထားသည့်ကာလကို ၆ လ ထပ်မံသက်တမ်းတိုးမြှင့်ခဲ့ရခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို လိုအပ်သည့်အတွက် အရေးပေါ်ကာလကို သက်တမ်း ထပ်မံတိုးမြှင့်ခဲ့ရခြင်းဖြစ်ကြောင်း။

## ပျက်စီးဆုံးရှုံးမှု ၄၉၀၀ ကျော်ရှိ

အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများ များစွာရှိခဲ့ကြောင်း၊ သာမန်ပျက်စီးမှုများမပါဘဲ ပျက်စီးဆုံးရှုံးမှုသည် ၄၉၀၀ ကျော်ရှိကြောင်း၊ လက်ပစ်ဗုံး၊ မိုင်း၊ လက်လုပ်ဗုံးများဖြင့်ပစ်ခတ်တိုက်ခိုက်မှု ၈၅၀၀ ကျော်ရှိခဲ့ကြောင်း၊ တိုက်ခိုက်မှု ၉၇၀၀ ကျော်ခန့်ရှိခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုအကြိမ်ပေါင်း ၁၂၃၀ ကျော်ရှိခဲ့ကြောင်း၊ ဖြစ်စဉ်များတွင် အကြမ်းဖက်သမားများထံမှ ရရှိခဲ့သည့် လက်နက်ပေါင်း ၁၇၆၉၀ ကျော်၊ လက်နက်မိုင်းနှင့် ဗုံး ၂၇၂၀၀ ကျော်အပါအဝင် ခဲယမ်းများ များစွာဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါလက်နက်များတွင် EAO အဖွဲ့များမှလက်နက်ခဲယမ်းများနှင့် ပြည်ပနိုင်ငံများမှ လက်နက်ခဲယမ်းများပါဝင်သည်ကိုတွေ့ရှိရကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုများကြောင့် ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာလျက်ရှိသည့် မီးရထားလမ်းများ၊ လမ်းတံတားများ၊ ဆက်သွယ်ရေး တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးသည့် အဖျက်အမှောင့်လုပ်ရပ်များကိုလည်း လုပ်ဆောင်ခဲ့ကြောင်း။

အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတော်ပိုင်နှင့် ပြည်သူပိုင် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်မှ ငွေကြေးကုန်ကျမှုများသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများပင်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၏ နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် အမျိုးသားအကျိုးစီးပွားများကို နစ်နာဆုံးရှုံးရခြင်းဖြစ်သည်ကို နားလည်သဘောပေါက်စေလိုကြောင်း၊ ၎င်းတို့သည် ဒီမိုကရေစီကို အကြမ်းဖက်နည်းလမ်းဖြင့်ရယူရန် လုပ်ဆောင်နေခြင်းဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခံယူချက်များနှင့် ၎င်းအကြမ်းဖက်အဖွဲ့၏ ယုံကြည်ချက်၊ ခံယူချက်များ တူညီမှုမရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုသည် NCA အပေါ်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ဒီမိုကရေစီပေါ်တွင် သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် လက်နက်ကိုင်အကြမ်းဖက်ခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရမှ ခွင့်ပြုထားခြင်းမရှိကြောင်း၊ အကြမ်းဖက်လုပ်ရပ်ကို ဆောင်ရွက်နေသူများအနေဖြင့် ဒီမိုကရေစီကို နားလည်သဘောပေါက်ရန်လိုကြောင်း။

အကြမ်းဖက်မှုများကို ဒုတိယအကြိမ်အရေးပေါ်သက်တမ်းကာလတွင် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လာသဖြင့် အရေးကြီးသည့် မြို့နယ်များကို **စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ခဲ့ရပြီး အကြမ်းဖက်မှုများလျော့ပါးအောင် ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်အုပ်ချုပ်ရေးသတ်မှတ်ခြင်းသည် ပြစ်မှုကျူးလွန်သူများအတွက်သာဖြစ်ပြီး ပြည်သူများကိုကြေညာခြင်းမဟုတ်ကြောင်း၊ ပြည်သူများအနေဖြင့် စည်းကမ်းနှင့်အညီ လွတ်လပ်စွာ နေထိုင်သွားလာလှုပ်ရှားနိုင်ကြောင်း၊ လာမည့်ခြောက်လတာကာလအတွင်း အဆိုပါဒေသများ၏ တည်ငြိမ်အေးချမ်းမှုသည်လည်း အတိုင်းအတာတစ်ခုအထိ တိုးတက်လာမည်ဟု ယူဆပါကြောင်း။

**မျှမျှတတဖြင့် ခန့်အပ်တာဝန်ပေးအပ်ခဲ့**

ဒုတိယအကြိမ်အစိုးရသက်တမ်းတွင် ဥပဒေကိုလိုရာဆွဲ၍လုပ်ဆောင်သွားခြင်းများရှိပြီး နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားသည့် လုပ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ကြားဝင်ထိန်းသိမ်းပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း မှန်မှန်ကန်ကန်နှင့် မျှမျှတတရှိစေရန်လိုအပ်သည့်အတွက် မိမိတို့တာဝန်ယူချိန်မှစ၍ နိုင်ငံတော်အတွက် တာဝန်များပေးအပ်ရာတွင် တပ်မတော်နှင့်အရပ်ဘက်မှ သင့်တော်သူများကို မျှမျှတတဖြင့် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဒီမိုကရေစီနည်းအရ အရပ်ဘက်အဖွဲ့အစည်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ လွှတ်တော်တွင် အရပ်ဘက်မှ ၇၅ ရာခိုင်နှုန်းပါဝင်ပြီး တပ်မတော်မှ ၂၅ ရာခိုင်နှုန်းသာပါဝင်ကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များ၊ မိမိနှင့်တပ်မတော်အရာရှိကြီးများ၏ တပ်မတော်သားများနှင့် မိသားစုဝင်များကို ပြောကြားခဲ့သည့် မှာကြားချက်များနှင့် မိန့်ခွန်းများကို ပြန်လည်ဖတ်ရှုလေ့လာကြည့်မည်ဆိုပါက တပ်မတော်သည် နိုင်ငံတော်၏ ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ ရပ်တည်ချက်များကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးသည့် Guardian အဖွဲ့အစည်းတစ်ခုဖြစ်နေမည့် အဖွဲ့အစည်းအဖြစ် ခံယူထားပါကြောင်း၊ မိမိတို့သည် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည်များကို စဉ်းစားခဲ့ကြောင်း၊ ယခင် ရှေ့လုပ်ငန်းစဉ်အတိုင်း ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းကာ ရွေးကောက်ပွဲဆိုင်ရာများ ပြန်လည်စစ်ဆေးအရေးယူမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့အရေးယူဆောင်ရွက်ချိန်တွင် အဂတိလိုက်စားမှုများကိုလည်း တွေ့ရှိခဲ့ရသဖြင့် အရေးယူဆောင်ရွက်ခဲ့ရကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့သည်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုများသည် သိသိသာသာလျော့ပါး ကျဆင်းသွားပြီဖြစ်ပြီး အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်ပြီဖြစ်ကြောင်း၊ သို့သော် ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆမဖြစ်ရန်လိုကြောင်း၊ ကျဆင်းသွားသည့် စီးပွားရေးနှင့် ပတ်သက်၍ နှစ်နှစ်တာကာလအတွင်း ခက်ခက်ခဲခဲဖြင့်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားကျဆင်းစေရန်အတွက် ဘဏ်စနစ်များပျက်စီးအောင် လုပ်ဆောင်ခဲ့မှုများရှိသဖြင့် မိမိတို့အနေဖြင့် ဘဏ်စနစ်များ ပြိုလဲမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း ၂၀၂၀ ခုနှစ်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းခဲ့ရသကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးကိုအားပေးမြှင့်တင်ခဲ့သဖြင့် စားရေရိက္ခာရှားပါးမှုများ မကြုံတွေ့ခဲ့ရဘဲ ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုမူ အခြားနိုင်ငံများနည်းတူခံစားခဲ့ရကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ ပြီးခဲ့သည့်အစိုးရကာလတွင် ချေးခဲ့သည့် ချေးငွေများကို ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဆက်လက်ရရှိခြင်းမရှိကြောင်း၊ စီမံကိန်းအသစ်များ ထပ်မံရရှိခြင်းမရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းများရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုများ ကောင်းမွန်လာခြင်း၊ နယ်စပ်ကုန်သွယ်မှုများကို အတိုင်းအတာတစ်ခုအထိဖွင့်လှစ်လာနိုင်ခြင်းကြောင့် လုပ်ငန်းများပြန်လည်လည်ပတ်လာနိုင်ပြီး နိုင်ငံ၏စီးပွားရေးမှာ အနုတ်လက္ခဏာမှ အပေါင်း ၃ ရာခိုင်နှုန်းနီးပါး တိုးတက်လာကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝရေမြေ အရင်းအမြစ်များ ရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်လာနိုင်ခြင်းကြောင့် နိုင်ငံ၏စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း၊ လာမည့်နှစ်တွင် နိုင်ငံ့စီးပွားရေး ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေသူများနှင့် တွေ့ဆုံရာတွင်လည်း ၎င်းတို့၏ တင်ပြချက်များအရ လုပ်ငန်းများတိုးတက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ အလားတူ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

> ❖ ၂၀၂၀ ခုနှစ်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းခဲ့ရသကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့ရ
>
> ❖ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ခဲ့သဖြင့် စားရေရိက္ခာရှားပါးမှုများ မကြုံတွေ့ခဲ့ရဘဲ ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုမူ အခြားနိုင်ငံများနည်းတူ ခံစားခဲ့ရ
>
> ❖ နိုင်ငံခြားငွေနှင့် ပတ်သက်၍ ပြီးခဲ့သည့်အစိုးရကာလတွင် ချေးခဲ့သည့်ချေးငွေများကို ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဆက်လက်ရရှိခြင်းမရှိ၊ စီမံကိန်းအသစ်များ ထပ်မံရရှိခြင်းမရှိ
>
> ❖ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းများရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုများ ကောင်းမွန်လာခြင်း၊ နယ်စပ်ကုန်သွယ်မှုများကို အတိုင်းအတာတစ်ခု အထိဖွင့်လှစ်လာနိုင်ခြင်းကြောင့် လုပ်ငန်းများပြန်လည်လည်ပတ်လာနိုင်ပြီး နိုင်ငံ၏ စီးပွားရေးမှာ အနုတ်လက္ခဏာမှ အပေါင်း ၃ ရာခိုင်နှုန်းနီးပါး တိုးတက်လာ

**ရှေ့သို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်**

တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ခု ရပ်တည်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ အားများလိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း ရှေ့သို့ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ကြောင်း၊ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** "Keep Moving Forward to Achieve Our Goal" ဆိုသည့်အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေ့သို့လှမ်းချီနေမှသာလျှင် မိမိတို့လိုချင်သည့် ပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်မည် ဖြစ်ကြောင်း၊ ရှေ့သို့လျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ထိုသို့ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် သယံဇာတအရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ စပါးအထွက်နှုန်းများကို တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်ဖူလုံမှုကိုသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးတောင်သူများ၏ ဝင်ငွေလည်းတိုးတက်လာကာ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကြောင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် တစ်ဧကချင်းအထွက်နှုန်းတိုးတက်စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းသည် မြေကြီးမှ ရွှေသီးအောင် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် စားသုံးမှုနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အသုံးချ၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **"ဒုတိယအချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဆိုတဲ့အတိုင်းပဲ ဒီအပေါ်မှာ စီးပွားရေးအားကောင်းအောင် လုပ်ကြဖို့လိုအပ်ပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်တွေ။ နောက် မွေးမြူရေးထုတ်ကုန်တွေ။ ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းတိုင်းမှာ အကုန်ရှိပါတယ်။ မွေးမြူရေးထုတ်ကုန်အကုန်ရှိတယ်။ မနေ့က ဧရာဝတီတိုင်းသွားတဲ့အချိန်မှာ ခရိုင်တိုင်းရှိတယ်။ ခရိုင်တိုင်းမှာ ထုတ်ကုန်ပစ္စည်း အကုန်လုံးရှိတယ်။ ပြောရလို့ရှိရင်ဗျာ မျက်နှာမငယ်ရတဲ့ဒေသကို သွားတွေ့တယ်။ အကုန်ရှိတယ်။ သူတို့ဆီမှာအကုန်ရှိတယ်။ ဒါလေးကို နည်းနည်း Push လုပ်ပြီးတော့တင်လိုက်လို့ရှိရင် ကျွန်တော်တို့ အများကြီးကို တိုင်းပြည်ရဲ့အခြေအနေဟာ ပြောင်းလဲသွားနိုင်စရာရှိတယ်ဆိုတာလေးလည်း ကျွန်တော်ပြောလိုပါတယ်။ အဲဒါဆိုရင်တော့ တိုင်းပြည်သာယာဝပြောမှုတော့ ဖြစ်လာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝင်ငွေရှိနေပြီဆိုတော့ သူတို့ရဲ့လူမှုဘဝတက်လာမှာ။ ဒါသေချာတယ်။ လူမှုဘဝတက်လာမှာ။ ကိုယ့်လူမှုဘဝ တက်လာတယ်ဆိုရင် ကိုယ့်လူမှုဘဝကို အထိခိုက်ခံမှာမဟုတ်ဘူး။ အပျက်စီးခံမှာတော့မဟုတ်ဘူး။ ပျက်စီးမှာတော့လိုလားမှာ မဟုတ်ဘူး။ ကောင်းတဲ့ Approach သွားမှာဖြစ်တယ်၊ မကောင်းတဲ့ Approach ကို သွားမှာတော့မဟုတ်ဘူး။ တိုင်းပြည်ကို အကောင်းဆုံးသော စောင့်ရှောက်ခြင်းကတော့ စီးပွားရေးမြှင့်တင်ပေးခြင်းပဲ ဖြစ်ပါတယ်။ စီးပွားရေးမြှင့်တင်အောင် ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က နံပါတ် ၂ အချက်မှာ ဒီဟာကို ကျွန်တော်တို့ထည့်တာပါ။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်။ နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကမပြီးသေးပါဘူး နောက်မတ်လမှာ ပြီးမှာဖြစ်ပါတယ်။ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့က အကျိုးဝင်နေပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ စီးပွားရေးမြှင့်တင်မှုကို အရှိန်အဟုန်နဲ့ဆောင်ရွက်သွားဖို့လိုပါတယ်။ စီးပွားရေး အရှိန်မြှင့်လုပ်မယ်ဆိုလို့ရှိရင်လည်း စီးပွားရေးကို အထောက်အကူပြုနိုင်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေ ကျွန်တော်တို့ရှိဖို့လိုပါတယ်။ လမ်းတွေကောင်းအောင် လုပ်ရပါမယ်။ မဖြစ်မနေလမ်းတွေကောင်းအောင် လုပ်ပေးရမယ်။ ဒါကတော့ လာမယ့်နှစ်မှာ လမ်းတွေကောင်းအောင်လုပ်ဖို့ကျွန်တော်တို့ လျာထားပါတယ်"** ဟု ပြောကြားသည်။

**ပညာရေးအားနည်းချက်များရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် အတန်းပညာနှင့်ပတ်သက်၍ လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် အခြေခံပညာအလယ်တန်းအောက်၌သာ ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်များရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှုအားနည်းပြီး လူမှုစီးပွားဘဝများသည်လည်း ခက်ခဲနိမ့်ကျမှုများရှိကြောင်း၊ ထို့ပြင် စဉ်းစားတွေးခေါ်နိုင်မှုနှင့် ဆင်ခြင်တုံတရားများတွင်လည်း အားနည်းချက်များရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကာလအတွင်း ၎င်းအချက်ကို အသုံးချ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် EAO သွေးထိုးမှုများကြောင့် လမ်းမှားရောက်ခဲ့ရသူ များစွာရှိခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေ အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မကြာခင်ကာလ၌ စာမေးပွဲများ စတင်တော့မည်ဖြစ်ပြီး မတ်လအတွင်း တက္ကသိုလ်ဝင်စာမေးပွဲများအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ပညာရည်သင်ကြားမှုများ အဆင်ပြေချောမွေ့စွာ ပြီးစီးခဲ့ပြီဟုဆိုနိုင်သော်လည်း ကျောင်းတက်ရာခိုင်နှုန်း မပြည့်မီသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အချို့သောနယ်မြေများ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် လာရောက်ပညာမသင်ကြားနိုင်သည့် ကျောင်းသူ ကျောင်းသားများလည်း ရှိမည်ဖြစ်ကြောင်း၊ လာမည့် ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျောင်းအားလုံး ဖွင့်လှစ်နိုင်အောင် မိမိတို့အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့သို့ နေရာဒေသအားလုံး၌ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက်လည်း အချို့သောနေရာဒေသများကို စစ်အုပ်ချုပ်ရေးကြေညာခဲ့ရခြင်းဖြစ်ကြောင်း၊ စည်းကမ်းကို တင်းတင်းကြပ်ကြပ် ကိုင်တွယ်မှသာလျှင် ကျောင်းနေအရွယ်ကလေးငယ်အားလုံး၏ အခွင့်အရေးများ မဆုံးရှုံးမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံးဖြေရှင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကျောင်းတက်ရောက်သူ ဦးရေသည်လည်း

စာမျက်နှာ ၆ သို့ ☆

- ❖ ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်
- ❖ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်သော်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်အောင် ဆောင်ရွက်နိုင်မည်
- ❖ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့်စားသုံးဆီကို ပြည်ပမှ တင်သွင်းရသူ(Importer)အဆင့်မှ ပြည်တွင်းလိုအပ်ချက်ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သူ (Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လို

☆ စာမျက်နှာ ၅ မှ

လာမည့်ပညာသင်နှစ်တွင် ပိုမိုတိုးပွားလာမည်ဖြစ်သဖြင့် အားလုံးအေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းသည် ကျဆင်းလျက်ရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် ပေါ့ပေါ့ဆဆနေ၍ရမည် မဟုတ်ဘဲ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အိမ်နီးနားချင်းတိုင်းပြည်များနှင့် ကမ္ဘာ့နိုင်ငံများတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် သတိဖြင့်နေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် နေထိုင်စားသောက်မှုများ ကျန်းမာရေးနှင့်ညီညွတ်မှုရှိရမည်ဖြစ်ပြီး အာဟာရပြည့်ပြည့်ဝဝ စားသုံးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် နေထိုင်စားသောက်မှုများကြောင့် ကျန်းမာရေးထိခိုက်ပြီး ပညာသင်ကြားမှု၊ လုပ်အားဆုံးရှုံးမှုများ မရှိစေရေးအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများကို မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် လူမှန်နေရာမှန် ချထားနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လာမည့်နှစ်တွင် စီးပွားရေးအားကောင်းအောင် ဆောင်ရွက်သွားမည်၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်၊ ပညာရေး၊ ကျန်းမာရေးမြှင့်တင်ရေးများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ယခုထက်ပိုမို၍ သိသိသာသာတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်းကို ပြောကြားလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျ စိုက်ပျိုးရန် စသည့်အချက်များ လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်စဉ် အထွက်နှုန်းနှင့်ပတ်သက်၍ တိုးမြင့်အောင် ဆောင်ရွက်ရေး၊ ဈေးကွက်ရရှိရေး၊ အရည်အသွေးကောင်းမွန်ရေးကို ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း၊ ဆီထွက်သီးနှံနှင့်ပတ်သက်၍ စားသုံးဆီကို နှစ်စဉ်ဒေါ်လာ သန်း ၇၀၀ ဖိုးခန့် တင်သွင်းနေရသည်ကို ပြောကြားလိုကြောင်း၊ ပြည်ပမှ ဆီတင်သွင်းမှုကို လျှော့ချလိုက်မည်ဆိုပါက ပြည်တွင်း ဆီစက်များ ပိုမိုလည်ပတ်လာနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စဉ် ဆီစက်လုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရေး တိုးချဲ့လည်ပတ်နိုင်ရေးအတွက် တင်ပြမှုများ များစွာရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှလည်း ဆီစက်လုပ်ငန်းများအတွက် ရင်းနှီးငွေများ ပေးထားပြီးဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင်ထွက်ရှိရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီ လိုအပ်ချက်ကို ဖူလုံစေမည်ဖြစ်ပြီး ပိုလျှံသည်အထိဖြစ်စေနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆီဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်သော်လည်း အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့်စားသုံးဆီကို ပြည်ပမှ တင်သွင်းရသူ(Importer)အဆင့်မှ ပြည်တွင်းလိုအပ်ချက်ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သူ(Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

### ပဲအထွက်နှုန်းတိုးတက်အောင်

ထို့ပြင် မိမိတို့နိုင်ငံ၌ ပဲအထွက်နှုန်းနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်တွင် မိမိတို့နိုင်ငံသည် ပဲတင်ပို့မှု၌ ဒုတိယနေရာတွင်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ပဲလိုအပ်ချက် ပမာဏသည် များစွာရှိနေကြောင်း၊ ထို့ကြောင့် ဈေးကွက်ရရှိပြီးသားဖြစ်သဖြင့် ပဲအထွက်နှုန်းတိုးတက်အောင်လည်း ဆောင်ရွက်ကြရန်လိုပြီး အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေများလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီသိပ္ပံနည်းကျပြုလုပ်ထားသည်ကို တွေ့ရှိရပြီး နိုင်ငံအတွက် များစွာ အကျိုးဖြစ်စေနိုင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နည်းပညာရရှိပြီးဖြစ်သဖြင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဈေးကွက်ရရှိမှုအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက သား၊ ငါးကဏ္ဍတွင် ငါးမွေးမြူရေးမှတစ်ဆင့် ဝင်ငွေများစွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးနှင့် ပတ်သက်၍ သဘာဝငါးသယံဇာတများ အများအပြား ဖမ်းဆီး၍ ထုတ်ယူခြင်းသည် ငါးသယံဇာတများကို ဆုံးရှုံးလာစေနိုင်သည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အားမပေးဘဲ ခေတ်မီနည်းကျ စနစ်တကျ မွေးမြူခြင်းကို အားပေးပါကြောင်း။

နွားမွေးမြူရေးနှင့်ပတ်သက်၍ အသားထုတ်လုပ်ခြင်းနှင့် နို့ထုတ်လုပ်ခြင်းဟူ၍ရှိပြီး ဒေါ်လာ သန်း ၁၀၀ နီးပါး တန်ဖိုးရှိ နို့နှင့် နို့ထွက်ပစ္စည်းများကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင်း၌ အောင်မြင်အောင် ထုတ်လုပ်နိုင်သည့် အခြေအနေများရှိပြီးဖြစ်သဖြင့် နိုင်ငံအတွင်း နို့နှင့် နို့ထွက်ပစ္စည်းလိုအပ်ချက်များကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာမွေးမြူခြင်းထက် နည်းစနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် တတိယအချက်သည် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်"** ဟူ၍ဖြစ်ကြောင်း၊ မိမိတို့သည် အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲပေးသည့်အချိန်တွင် မဲပေးခွင့်ရှိသူများအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမဲပေးခဲ့ပြီး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိအခြေအနေနှင့် သင့်လျော်သည့် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်ကို မိမိတို့အနေဖြင့် လက်ခံပြီးဖြစ်ကြောင်း၊ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို သွားရမည်ဖြစ်သဖြင့် လွှတ်တော်လမ်းကြောင်းကို မဖြစ်မနေသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်သည့်အတွက် ပြီးခဲ့သည့်လတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ရန် ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အမှန်တကယ် နိုင်ငံရေးလုပ်ဆောင်လိုသူများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အခွင့်အလမ်းပေးသည့်အနေဖြင့် နိုင်ငံရေးပါတီများကို လျှော့ပေါ့စွာဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခင် ၁၉၆၂ ခုနှစ် နောက်ပိုင်းကာလတွင် တစ်ပါတီစနစ်ဖြင့်သွားခဲ့ပြီး ကွန်မြူနစ်အုပ်စုများ၊ ဒီမိုကရေစီအုပ်စုများနှင့် သဘောထားကွဲလွဲမှုများ ရှိခဲ့ကြောင်း၊ သို့သော်လည်း ပါတီအနေဖြင့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီစနစ်ကိုသွားခဲ့ကြောင်း၊ ယင်းကို လက်မခံနိုင်သူများအနေဖြင့် တစ်ပါတီကို ကာကွယ်ထားသည့် ဥပဒေရှိနေသည့်အတွက် နိုင်ငံရေးထွက်ပေါက်မရှိခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင်လည်း တစ်ပါတီစနစ်ဖြင့်သာ လျှောက်လှမ်းခဲ့ခြင်းဖြစ်သောကြောင့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုမှုများရှိခဲ့ပြီး ယခင်ဖွဲ့စည်းပုံဥပဒေပျက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လမ်းခင်းပေးမည်ဖြစ်သဖြင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ပါတီများဖွဲ့စည်းနိုင်သမျှ ဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များ ပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကောင်စီအစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ကြောင်း၊ ပါတီများ များပြားခြင်းကြောင့် ပါတီဝင်အင်အားနည်းပါက ၎င်းတို့ လှုပ်ရှားရသည့် နယ်မြေကျဉ်းမြောင်းမည်ဖြစ်ပြီး အခွင့်အရေးရရှိမှုသည်လည်း နည်းပါးမည်ဖြစ်ကြောင်း။

ထို့ကြောင့် လူထုအားဖြင့် လုပ်ဆောင်ခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးတွင် နိုင်ငံရေးလုပ်ဆောင်လိုသူများပြားပြီး ယင်းနိုင်ငံရေးသည်လည်း အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် လိုကြောင်း၊ ပါတီများ၏ ပါတီနိုင်ငံရေး ဦးတည်ချက်ဟူသည်မှာ နိုင်ငံကိုပုံဖော်ရန် ချမှတ်ထားသည့် အတွေးအခေါ် အယူအဆပင်ဖြစ်ပြီး ယင်းကို အကောင်အထည်ဖော်ရန်အတွက် လွှတ်တော်လမ်းကြောင်းတွင် ပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီငယ်များ များပြားနေပါက လုပ်ဆောင်နိုင်မည်မဟုတ်သဖြင့် ဦးစီးခေါင်းဆောင်မှုကောင်းသည့်ပါတီများ တည်ရှိခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ခဲ့ပြီး ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တည်ဆဲပါတီများအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ရန်လိုအပ်ပြီး မှတ်ပုံတင်ခြင်းမရှိပါက အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ကြောင်း၊ ပါတီအသစ်များအနေဖြင့်လည်း မှတ်ပုံတင်ရန်လိုအပ်ပြီး လက်ရှိတွင် လာရောက်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပါတီများနှင့် ပတ်သက်၍ ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း ဥပဒေအရ ခွင့်ပြုသင့်သည်များကို ခွင့်ပြုပေးသွားရမည်ဖြစ်ကြောင်း၊ ပါတီများ ဖွဲ့စည်းပြီးပါက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် မလွဲမသွေ လုပ်ဆောင်ရမည်များဖြစ်သည်ကို ပြောလိုကြောင်း။

**"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။"** ဟု ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်အနေဖြင့် ချမှတ်ထားကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် တိုင်းပြည်ငြိမ်းချမ်းမှုရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များရှိနေသည့် တိုင်းပြည်များသည် တိုးတက်မှုထိခိုက်နှောင့်နှေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီမိုကရေစီကိုအကြောင်းပြု၍ အာဏာတည်မြဲအောင် လုပ်ဆောင်နေသည့် တိုင်းပြည်များသည်လည်း အခက်အခဲများရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကဲ့သို့ အခက်အခဲများ မရှိစေရေး တည်ငြိမ်အေးချမ်းမှုများရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှသာလျှင် နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကမ်းလှမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမျှ ၎င်းတို့ကို တရားဝင်ခွင့်ပြုထားသည့် အခြေချစခန်းများသို့ သွားရောက်တိုက်ခိုက်ခြင်းများ မလုပ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးတွင် ရိုးသားမှုရှိရမည်ဖြစ်ကြောင်း၊ နယ်ချဲ့လက်အောက်တွင် သွေးခွဲအုပ်ချုပ်ခံခဲ့ရမှု၏ အကျိုးဆက်များကြောင့် မငြိမ်းချမ်းခြင်း၏ အကျိုးဆက်ကို ယခုထက်တိုင် ခံစားနေရခြင်းဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကြီးစွာဖြင့် ဆွေးနွေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များကို အကျေအလည်ဆွေးနွေးအဖြေထုတ်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး တူညီသည့် အခွင့်အရေးကိုသာ ရရှိရမည်ဖြစ်ကြောင်း၊ မဖြစ်နိုင်သည်များကို တောင်းဆိုနေ၍မရဘဲ တိုင်းပြည်အကျိုး၊ ပြည်ထောင်စုအကျိုးကိုသာကြည့်၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုအကျိုးစီးပွားကို ရှေးရှုကြည့်၍ သမာသမတ်ရှိစွာဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း။

- ❍ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် တိုင်းပြည်ငြိမ်းချမ်းမှုရှိရန် မဖြစ်မနေလိုအပ်
- ❍ ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များရှိနေသည့် တိုင်းပြည်များသည် တိုးတက်မှုထိခိုက်နှောင့်နှေးနေသည်ကို တွေ့ရမည်
- ❍ ထို့ပြင် ဒီမိုကရေစီကိုအကြောင်းပြု၍ အာဏာတည်မြဲအောင် လုပ်ဆောင်နေသည့် တိုင်းပြည်များသည်လည်း အခက်အခဲများရှိမည်
- ❍ မိမိတို့အနေဖြင့် ယင်းကဲ့သို့ အခက်အခဲများမရှိစေရေး တည်ငြိမ်အေးချမ်းမှုများရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- ❍ တည်ငြိမ်အေးချမ်းမှသာလျှင် နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်တွင် **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”** ဟူ၍ ချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းသည် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သောရွေးကောက်ပွဲ ဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံ့ခေါင်းဆောင်အထိ ရွေးချယ်ခြင်းဖြစ်သဖြင့် စနစ်တကျဖြင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်ရွေးကောက်ပွဲ၌ မဲစာရင်းကွာဟမှုများစွာဖြစ်ပွားခဲ့သည်ကို တွေ့မြင်ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်ရန်လိုပြီး မိမိတို့အနေဖြင့် စစ်မှန်ပြီး တရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးကို စတင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မဲစာရင်းများမှန်ကန်စေရေး သန်းခေါင်စာရင်းများကို အမှန်အတိုင်းဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိစေရေး မဲစာရင်းများကို ပြုစုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မှသာလျှင် မဲစာရင်းများ မှန်ကန်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် ၁၀၀ ရာခိုင်နှုန်းမှန်ကန်သည့် ရွေးကောက်ပွဲဟူ၍မရှိဘဲ ရာခိုင်နှုန်း အနည်းငယ်ကွဲလွဲမှုများရှိကြကြောင်း၊ သို့သော်လည်း ရွေးကောက်ပွဲတွင် ကြီးမားသည့် မဲစာရင်းကွဲလွဲမှုများကို မည်သည့်နိုင်ငံကမျှ လက်မခံကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မှန်ကန်သည့်မဲစာရင်းများ ဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲပေးသူများ၏ အခွင့်အရေးဖြစ်ပြီး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့်ကာလကစပြီး အထွေထွေရွေးကောက်ပွဲသုံးကြိမ် ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတွင် မြို့နယ် ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်တို့၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါကြောင်း၊ တဖြည်းဖြည်းဖြင့် ရွေးကောက်ပွဲကျင်းပနိုင်သည့် မြို့နယ်များ ကျဆင်းလာသည်ကို တွေ့မြင်ရပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်ဟူသည့် အစိုးရများလက်ထက်တွင် ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှုပိုမိုပြီး နည်းပါးသွားသည်ကို သတိပြုဖွယ်တွေ့ရပါကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများ ကင်းဝေးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရေး၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှ ကင်းဝေးစေရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်တစ်ခုတည်း၏ တာဝန်သာမဟုတ်ဘဲ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို အလေးအနက်ထား ပြောကြားလိုကြောင်း။

မိမိတို့၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်သွားရန်လိုအပ်သည်များကို ပြောကြားခဲ့ခြင်းဖြစ်ပြီး ဆက်လက်ပြောကြားလိုသည်မှာ နိုင်ငံတကာဆက်ဆံရေးနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အဓိကအဖွဲ့အစည်းများဖြစ်သည့် အာဆီယံနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေး မူဝါဒဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်အပေါ်တွင် အခြေခံ၍ အားလုံးကို ဆက်ဆံကြောင်း၊ အာဆီယံတွင် ၁၉၉၇ ခုနှစ်၌ နောက်တိုးအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာခြင်း ဖြစ်ကြောင်း။

**အခြေအနေမှန်ကိုသိရှိစေရန် လိုအပ်**

မိမိတို့နိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာက ပြောဆိုနေသည့်ကိစ္စများတွင် မှားယွင်းနေသည်များရှိကြောင်း၊ အခါအားလျော်စွာ မိမိတို့နိုင်ငံသို့ ရောက်ရှိလာသည့် ဧည့်သည်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံတမန်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၎င်းတို့ပြည်ပနိုင်ငံများတွင် သိရှိနေသည့်အချက်များနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများမှာ ကွဲလွဲနေသည်ကို သိရှိရသည့်အတွက် အံ့ဩမိသည်ဟု ပြောဆိုကြကြောင်း၊ ၎င်းတို့မှာ မီဒီယာများနှင့် ဘက်လိုက်တင်ပြထားကြသည့် သံတမန်များ၏ အချက်အလက်များကို အခြေခံ၍ ပြောဆိုနေကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အခြေအနေမှန်ကိုသိရှိစေရန် လိုအပ်ကြောင်း၊ မိမိတို့ ရပ်တည်ချက်မှာ အာဆီယံ၏ မူဘောင်အတွင်းမှ မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရမည်**

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် နေရပ်စွန့်ခွာသူများကိစ္စမှာ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ရသည့်ကိစ္စဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့၏ တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများကိုလည်း စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘင်္ဂါလီများထဲမှ နိုင်ငံသားဖြစ်နေသူများရှိကြောင်း၊ ၎င်းတို့ကိုလည်း ဥပဒေနှင့်အညီ အခွင့်အရေးပေးထားကြောင်း၊ ထို့ပြင် ဘင်္ဂါလီများမှာ ရခိုင်ပြည်နယ်သာမက တစ်နိုင်ငံလုံးရှိ အခြားဒေသများတွင်လည်း နေထိုင်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပြဿနာဖြစ်ပေါ်နေသည်မှာ တရားမဝင် လာရောက်နေထိုင်သူများကြောင့် အခက်အခဲဖြစ်နေခြင်းဖြစ်ကြောင်း၊ ပြန်လည်လက်ခံခြင်းကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံ သတ်မှတ်ထားသည့် သဘောတူညီချက်များနှင့်အညီသာ လက်ခံသွားမည်ဟု ပြောဆိုထားကြောင်း၊ မကြာခင်က ရခိုင်ပြည်နယ်သို့ တာဝန်ရှိသူများ သွားရောက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တရားဝင်သဘောတူညီချက်ဖြင့် ဆောင်ရွက်နေမှုအပေါ် ငြင်းဆန်ခြင်းမရှိကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်ဝင်ရောက်လာချိန်တွင်လည်း ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ အခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံသားဥပဒေမှာ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက်သာ ဆောင်ရွက်ထားသည့် ဥပဒေမဟုတ်ကြောင်း၊ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသူများ နိုင်ငံသားပြုခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားသည့်ဥပဒေဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကိစ္စမှာ မိမိတို့အစိုးရသာမက နောင်ပေါ်ပေါက်လာမည့် အစိုးရများကလည်း ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားရရှိရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လျှပ်စစ်ဓာတ်အား အခက်အခဲ ရှိနေဦးမည်ဖြစ်ကြောင်း၊ ယင်းမှာ ယခင်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသည့်အတွက်လည်း ပါဝင်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အတတ်နိုင်ဆုံး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝ မဟုတ်သော်လည်း ရာခိုင်နှုန်းမြင့်မြင့်မားမား ပြည့်မီအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စပါးထွက်ရှိသည့်အတွက် စပါးခွံလောင်စာဖြင့်ထုတ်လုပ်သည့် လျှပ်စစ်၊ ဆိုလာလျှပ်စစ်နှင့် လေအားလျှပ်စစ်တို့ကို ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အား သုံးစွဲရေးတွင်လည်း ဓာတ်အားချွေတာသည့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲကြရန်လိုကြောင်း၊ ပို့ဆောင်ရေးစနစ်ကိုလည်း လျှပ်စစ်သုံးစွဲသည့် ပို့ဆောင်ရေးစနစ်ဖြစ်စေရန် မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ယာဉ် သုံးစွဲမှုကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် စိတ်ဝင်စားမှုများနှင့် ကမ်းလှမ်းမှုများ ရှိကြောင်း၊ ကမ္ဘာ့ရေနံဈေးမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း၊ သို့ဖြစ်၍ စက်သုံးဆီ သုံးစွဲမှုလျှော့ချနိုင်စေရန် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရန်လိုအပ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်မော်တော်ယာဉ်များ တွင်တွင်ကျယ်ကျယ်သုံးစွဲနိုင်စေရန် ကြီးကြပ်ရေးအဖွဲ့များက အလေးထား၍ စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိတွင် ရန်ကုန် – နေပြည်တော် အမြန်လမ်းနှင့် လမ်းဟောင်းတို့တွင် Charging Station များ ဆောက်လုပ်နေကြောင်း၊ ထပ်မံ၍လည်း နေပြည်တော်–မန္တလေးလမ်း၊ လားရှိုးလမ်း၊ မော်လမြိုင်လမ်းနှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ဆောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ယာဉ်သုံးစွဲမှုကို တွင်တွင်ကျယ်ကျယ်ဖြစ်စေရန် ဝန်ကြီးဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဘက်စုံထောင့်စုံမှ ကြိုးစားဆောင်ရွက်ပါက လာမည့်ခြောက်လအတွင်း နိုင်ငံတော်အတွက် များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲကို ယနေ့ ညပိုင်းက နေပြည်တော်ရှိ မြန်မာ့မီးရထားဘူတာကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၊ ဝန်ထမ်းများတက်ရောက်အားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ယခုထမနဲထိုးပြိုင်ပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့ ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့်အတွက် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုတို့ တည်တံ့နေခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးနှင့်ဘာသာ၊ စာပေလည်း ပျောက်ကွယ်မည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ရှိသူတိုင်းက မိမိတို့အစဉ်အလာကောင်းများကို မပျောက်ပျက်အောင် ကြိုးပမ်းလေ့ရှိကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်တွင် **“တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”** အချက်လည်းပါရှိကြောင်း၊ ထမနဲထိုးခြင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် ဆောင်ရွက်နိုင်သည့်ကိစ္စမဟုတ်ဘဲ အားလုံးတက်ညီလက်ညီ စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်မှသာ အောင်မြင်နိုင်သည့်အတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းပြောကြားကာ ပြိုင်ပွဲအစီအစဉ်များကိုစတင်သည်။



ယခုကျင်းပသည့်ထမနဲထိုးပြိုင်ပွဲသို့ နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းက ပါဝင်ယှဉ်ပြိုင်ကြကာ အနိုင်ရရှိသည့်အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနှင့် အာဆီယံတူညီဆန္ဒ (၅) ချက်အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အမေးအဖြေကဏ္ဍ



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ၂၄-၄-၂၀၂၁ ရက်နေ့တွင် ကျင်းပသော အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်စဉ်။

**မေး။ ။ အာဆီယံတူညီဆန္ဒ (၅)ချက်ပေါ်ပေါက်လာပုံနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာ ဆာနာလ်ဘိုလ်ကီးယားက ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှာရှိတဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှာ "အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး (ASEAN Leaders' Meeting)" ကို ကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးဟာ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း (၁) နှစ်ကျော်အကြာမှာ အာဆီယံခေါင်းဆောင်တွေ လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးမယ့် အစည်းအဝေးဖြစ်တာကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပေးပါရန် ဖိတ်ကြားခဲ့ပါတယ်။ တကယ်တော့ မြန်မာ့အရေးဆွေးနွေးဖို့ အခြားခေါင်းစဉ်တပ်ပြီး အာဆီယံခေါင်းဆောင်တွေရဲ့ အလွတ်သဘောအစည်းအဝေးဆိုပြီး ခေါ်ယူကျင်းပခဲ့တာပဲ ဖြစ်ပါတယ်။

### အပိုင်း (၃)ပိုင်း ခွဲခြားပြုလုပ်ခဲ့

အဲဒီအစည်းအဝေးအစီအစဉ်ကို အပိုင်း (၃) ပိုင်း ခွဲခြားပြုလုပ်ခဲ့ပါတယ်။ အပိုင်း (၁) အာဆီယံအသိုက်အဝန်းထူထောင်ခြင်း၊ (၂) အာဆီယံနှင့်ပြင်ပဆက်ဆံရေး၊ (၃) ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခြင်းတို့ ပါဝင်ပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံဒေသတွင်း ရေရှည်ကြံ့ကြံ့ခံနိုင်မှုရှိပြီး စဉ်ဆက်မပြတ် ဒေသတွင်း ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပံ့ပိုးသွားမယ့်ကိစ္စရပ်တွေ၊ အာဆီယံရဲ့ ဦးတည်ချက်တွေ အောင်မြင်စေဖို့ အာဆီယံပဋိညာဉ်စာတမ်းနဲ့ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) မှာပါတဲ့ အခြေခံမူတွေနဲ့အညီ အဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမယ့် ကိစ္စရပ်တွေအပြင် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ နိုင်ငံတော်အစိုးရ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကိုလည်း ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါအစည်းအဝေးမှာ အခြားအာဆီယံခေါင်းဆောင်တွေက မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ပတ်သက်လို့ ဆွေးနွေးအကြံပြုခဲ့ကြပါတယ်။ ယင်းအကြံပြုချက်တွေနဲ့ ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်မိန့်ခွန်းမှာ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက် (၃) ချက်ဖြစ်တဲ့ (က) အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အကြံပြုချက်အချို့ဟာ အပြုသဘောဆောင်တာကို မှတ်သားထားပါကြောင်း၊ နိုင်ငံရဲ့ပြည်တွင်းရေးအခြေအနေပေါ်မူတည်ပြီးတော့ ထည့်သွင်းစဉ်းစားသွားမှာဖြစ်ကြောင်း၊ (ခ) မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ နိုင်ငံ့အကျိုးစီးပွားကို အခြေခံပြီး အကြံပြုချက်တွေကို အလေးထားစဉ်းစားပေးမှာဖြစ်ကြောင်း၊ (ဂ) အကြံပြုချက်တွေဟာ နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုပြီး ASEAN Charter၊ ASEAN Way၊ ASEAN Spirit တို့ကို အခြေခံမယ်ဆိုရင်တော့ အပြုသဘောစဉ်းစားပေးသွားမယ်လို့ ပြန်လည်ပြောကြားခဲ့ပါတယ်။

### ထည့်သွင်းဖော်ပြခဲ့

အဆိုပါအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့တဲ့ အာဆီယံဥက္ကဋ္ဌရဲ့ကြေညာချက်နောက်ဆက်တွဲမှာ အကြမ်းဖက်မှုတွေရပ်တန့်ရေး၊ သက်ဆိုင်သူအားလုံးနဲ့ စေ့စပ်ဆွေးနွေးမှုတွေပြုလုပ်ရေး၊ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်ခန့်အပ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကို အာဆီယံ AHA စင်တာကတစ်ဆင့် ပေးအပ်သွားရေးနဲ့ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ သွားရောက်ရေးတို့ ပါဝင်တဲ့ တူညီဆန္ဒ(၅)ချက်ကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။

အဲဒီတူညီဆန္ဒ(၅)ချက်ထုတ်ပြန်မယ်ဆိုတာကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံတွေကို ကြိုတင်အသိပေးညှိနှိုင်းခဲ့တာမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌ ကြေညာချက်ရဲ့ နောက်ဆက်တွဲအဖြစ်သာ ထုတ်ပြန်ခဲ့ခြင်းဖြစ်လို့ အစည်းအဝေးမှာ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ သဘောတူညီချက် (ASEAN Consensus) နဲ့ ချမှတ်ခဲ့တာမဟုတ်ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံတွေနဲ့ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုကို အာဆီယံအခြေခံမူတွေနဲ့အညီ ဆောင်ရွက်ရန် ရပ်တည်ချက်နဲ့ တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရေးမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အာဆီယံတူညီဆန္ဒ (၅) ချက်အပေါ် မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်က ဘယ်လိုပါလဲ။**

**ဖြေ။** ။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ၂၄-၄-၂၀၂၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးဟာ အာဆီယံပုံမှန်ထိပ်သီးအစည်းအဝေးအနေနဲ့ ကျင်းပခဲ့တာမဟုတ်ဘဲ အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေရဲ့ အလွတ်သဘောအစည်းအဝေးပုံစံနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ တူညီဆန္ဒ (၅) ရပ်နဲ့ အာဆီယံက ဆောင်ရွက်မယ်ဆိုတာကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံတွေကို ကြိုတင်ချပြခဲ့တာမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်နောက်ဆက်တွဲမှာ ဖော်ပြခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် တူညီဆန္ဒ (၅) ရပ်ဟာ မြန်မာနိုင်ငံအတွက် ဥပဒေအရ စည်းနှောင်မှုမရှိဘဲ အာဆီယံနိုင်ငံများအချင်းချင်း အပြုသဘောဆောင်တဲ့ အကြံပြုတိုက်တွန်းချက်တွေအပေါ်မှာ သက်ဆိုင်ရာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်နဲ့ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ဖို့သာ မြန်မာနိုင်ငံအနေနဲ့ ခံယူထားပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေ အစည်းအဝေး တက်ရောက်ခဲ့တာနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်တွေကို ၂၆-၄-၂၀၂၁ ရက်နေ့မှာ အတိအလင်း ထုတ်ပြန်ကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။

### အခြေခံဖွဲ့စည်းပုံ

အဆိုပါသတင်းထုတ်ပြန်ချက်ရဲ့ အဓိကအချက်တွေကတော့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာရှိတဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှာ ကျင်းပခဲ့တဲ့ "အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး (ASEAN Leaders' Meeting)" ကို ၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယားရဲ့ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ခဲ့ကြောင်း၊ အစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုတွေနဲ့ COVID-19 ကူးစက်ရောဂါ ထိခိုက်နစ်နာဆုံးရှုံးမှုတွေမှ ပြန်လည်နာလန်ထူရေး လုပ်ငန်းစဉ်များ အာဆီယံဥက္ကဋ္ဌရဲ့ ဦးစားပေးအစီအစဉ်တွေ အောင်မြင်စွာအကောင်အထည်ဖော်ရန် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဥက္ကဋ္ဌတို့နဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမယ့် မြန်မာနိုင်ငံရဲ့ ကတိကဝတ်ပြုမှုကို ထပ်လောင်းပြောကြားခဲ့ကြောင်း၊ အစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်ရဲ့တာဝန်ကို ၂၀၀၈ ခုနှစ် အခြေခံဖွဲ့စည်းပုံနဲ့အညီ တပ်မတော်က တာဝန်ယူလွှဲပြောင်းရယူခဲ့ရတဲ့ အခြေခံအကြောင်းရင်း၊ ဆူပူဆန္ဒပြမှုတွေ ဖြစ်ပေါ်ပြောင်းလဲမှုအဆင့်ဆင့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းထားပုံ၊ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေနဲ့ ဆောင်ရွက်ချက်တွေကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေက မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အာဆီယံခေါင်းဆောင်တွေရဲ့ အပြုသဘောဆောင်သော အကြံပြုချက်တွေကို အလေးအနက်ထားပါကြောင်း၊

စာမျက်နှာ ၉ သို့ ❖

> ❝ ၂၄-၄-၂၀၂၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးဟာ အာဆီယံပုံမှန်ထိပ်သီးအစည်းအဝေးအနေနဲ့ ကျင်းပခဲ့တာမဟုတ်ဘဲ အာဆီယံနိုင်ငံ့ခေါင်းဆောင်တွေရဲ့ အလွတ်သဘောအစည်းအဝေးပုံစံနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ တူညီဆန္ဒ (၅)ရပ်နဲ့ အာဆီယံက ဆောင်ရွက်မယ်ဆိုတာကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံတွေကို ကြိုတင်ချပြခဲ့တာမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်နောက်ဆက်တွဲမှာ ဖော်ပြခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် တူညီဆန္ဒ (၅)ရပ်ဟာ မြန်မာနိုင်ငံအတွက် ဥပဒေအရ စည်းနှောင်မှုမရှိဘဲ အာဆီယံနိုင်ငံများအချင်းချင်း အပြုသဘောဆောင်တဲ့ အကြံပြုတိုက်တွန်းချက်တွေအပေါ်မှာ သက်ဆိုင်ရာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်နဲ့ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ဖို့သာ မြန်မာနိုင်ငံအနေနဲ့ ခံယူထားပါတယ် ❞

❖ စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ နိုင်ငံ့အကျိုးစီးပွားကိုအခြေခံပြီး အကြံပြုချက်တွေကို အလေးထားစဉ်းစားပေးမှာဖြစ်ကြောင်း၊ အကြံပြုချက်တွေဟာ နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုပြီး ASEAN Charter၊ ASEAN Way၊ ASEAN Spirit တို့ကို အခြေခံမယ်ဆိုရင်တော့ အပြုသဘော စဉ်းစားပေးသွားမှာဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ထင်မြင်ချက်များမပေးမီ အစည်းအဝေးမှာ ဖြန့်ဝေတဲ့အချက်အလက်တွေကို သေချာစွာလေ့လာပြီးမှ မှတ်ချက်ပြုစေလိုကြောင်း ပြောကြားခဲ့တာကို နိုင်ငံပိုင်သတင်းစာတွေမှ တရားဝင် သတင်းထုတ်ပြန်ခဲ့ပါတယ်။

### တွန်းအားပေး နေသလိုဖြစ်နေ

အထက်မှာဖြေကြားခဲ့သလို မြန်မာနိုင်ငံဟာ အာဆီယံနဲ့ တူညီဆန္ဒ(၅)ရပ်ကိုသာမက အာဆီယံမဏ္ဍိုင်(၃)ရပ်နဲ့ အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစဉ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ဒါကို မြန်မာကိစ္စကြောင့် အာဆီယံဟာ အပိုင်းပိုင်းကွဲနေပြီ၊ မြန်မာ့အရေးကြောင့် အာဆီယံရဲ့လုပ်ငန်းစဉ်တွေ ရပ်တန့်နေတာမဖြစ်သင့်ဘူး စတဲ့စွပ်စွဲပြောဆိုရေးသားချက်တွေဟာ မြန်မာနိုင်ငံအတွက် မှန်ကန်မှုမရှိ၊ လိုရာဆွဲပြောဆိုနေတာဖြစ်ပြီး အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုး၊ ဖြေရှင်းမှုမျိုးကို ဖြစ်စေမှာမဟုတ်ဘဲ နားလည်မှုလွဲမှားစေရေးပိုမိုဖြစ်စေဖို့ တွန်းအားပေးနေသလိုဖြစ်နေပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအပေါ် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူတွေနဲ့ ဆန့်ကျင်ပြီး အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုင်ငံရေးအရ ကိုယ်စားပြုသူမဟုတ်သူကသာ တက်ရောက်ရမယ်ဆိုတဲ့ အစဉ်အလာလည်းမရှိ၊ တစ်ဖက်သတ်ဆန်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်ဆောင်ရွက်နေတဲ့အပေါ်လည်း အာဆီယံအတွင်း လက်မခံလိုတဲ့အဖွဲ့ဝင်နိုင်ငံတွေလည်း ရှိနေပါတယ်။ ဒီနေ့အခါမှာ အင်အားကြီးနိုင်ငံတွေရဲ့ ပထဝီနိုင်ငံရေးအားပြိုင်မှုတွေကြောင့် အာဆီယံဟာ တူညီဆန္ဒနဲ့ ဆွေးနွေးညှိနှိုင်းမှုကိုအခြေခံပြီး ဆုံးဖြတ်ချက်တွေချမှတ်တဲ့အစဉ်အလာကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။

မြန်မာအစိုးရက အကြမ်းဖက်အဖွဲ့တွေအဖြစ် တရားဝင်ကြေညာထားတဲ့ NUG၊ CRPH၊ PDF တွေရဲ့ ရဟန်းသံဃာတွေ၊ အပြစ်မဲ့ပြည်သူတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ ကျောင်းသား ကလေးသူငယ်တွေကို လူမဆန်စွာနဲ့ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက် သတ်ဖြတ်တဲ့လုပ်ရပ်တွေကိုတော့ ဒေသတွင်းနဲ့ ကမ္ဘာ့မီဒီယာတွေက မဖော်ပြဘဲ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းမှား၊ သတင်းတုတွေကိုပဲ တစ်ဖက်စောင်းနင်း ရေးသားဖော်ပြနေကြတာဟာ အကြမ်းဖက်မှု၊ အစွန်းရောက်မှုကို အားပေးအားမြှောက်ပြုနေသလို ဖြစ်နေပါတယ်။ အာဆီယံနဲ့ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေမှန်တွေကို လက်တွေ့ကျကျ အမှန်အတိုင်းရှုမြင်ပြီး မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်ဖို့လိုသလို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့တဲ့ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ချက်နဲ့ ဆုံးဖြတ်ချက်ဆိုပြီး စုစုပေါင်း အချက် ၁၅ ချက်ကို ချမှတ်ပြီး မြန်မာနိုင်ငံအပေါ် ထပ်မံဖိအားပေးဖို့ ကြိုးပမ်းဆောင်ရွက်နေတာဟာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ အာဆီယံနဲ့ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုတွေ၊ မြန်မာနိုင်ငံရဲ့ အာဆီယံအသိုက်အဝန်းထူထောင်မှု အခန်းကဏ္ဍမှာ တက်တက်ကြွကြွ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတွေကို လျစ်လျူရှုထားသလိုဖြစ်တဲ့အပြင် အာဆီယံစိတ်ဓာတ်၊ အာဆီယံလမ်းစဉ်တွေကနေ သွေဖည်ဆောင်ရွက်နေတယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ယင်းဆုံးဖြတ်ချက် ၁၅ ချက်နဲ့ ပတ်သက်ပြီးတော့လည်း ၁၁-၁၁-၂၀၂၂ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

**မေး။ ။ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ် ခန့်အပ်မှုတွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကိုလည်း ရှင်းပြပါဦး။**

**ဖြေ။ ။** မြန်မာနိုင်ငံက အာဆီယံတူညီဆန္ဒ (၅)ချက်မှာပါတဲ့ အချက်(၃)ဖြစ်တဲ့ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းနဲ့ အချက်(၅)ဖြစ်တဲ့ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို လာရောက်တဲ့ခရီးစဉ်တွေမှာ မြန်မာနိုင်ငံရဲ့ အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်မှုကို ပြသတဲ့အနေနဲ့ အတတ်နိုင်ဆုံး ဖြစ်သင့်၊ ဖြစ်နိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

> **❝မြန်မာအစိုးရက အကြမ်းဖက်အဖွဲ့တွေအဖြစ် တရားဝင်ကြေညာထားတဲ့ NUG၊ CRPH၊ PDF တွေရဲ့ ရဟန်းသံဃာတွေ၊ အပြစ်မဲ့ပြည်သူတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ ကျောင်းသား ကလေးသူငယ်တွေကို လူမဆန်စွာနဲ့ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက် သတ်ဖြတ်တဲ့လုပ်ရပ်တွေကိုတော့ ဒေသတွင်းနဲ့ ကမ္ဘာ့မီဒီယာတွေက မဖော်ပြဘဲ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းမှား၊ သတင်းတုတွေကိုပဲ တစ်ဖက်စောင်းနင်း ရေးသားဖော်ပြနေကြတာဟာ အကြမ်းဖက်မှု၊ အစွန်းရောက်မှုကို အားပေးအားမြှောက်ပြုနေသလို ဖြစ်နေပါတယ်။ အာဆီယံနဲ့ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေမှန်တွေကို လက်တွေ့ကျကျ အမှန်အတိုင်းရှုမြင်ပြီး မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ဖို့လို❞**

အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းမှာ အာဆီယံဘက်က မြန်မာနိုင်ငံရဲ့ သမိုင်းစဉ်လာ၊ ပြည်တွင်းရေး ပကတိအခြေအနေတွေနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့်လမ်းစဉ်တွေကို ပူးပေါင်းဆောင်ရွက်ပေးဖို့နဲ့ ရိုးသားမှု၊ နားလည်မှုကိုအခြေခံတဲ့ အဆိုပြုချက်တွေကို ပြုလုပ်ပေးဖို့ အရေးကြီးပါတယ်။

### အကြောင်းပြန်ကြားခဲ့

အာဆီယံဥက္ကဋ္ဌရဲ့ ပထမဆုံး အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ဖို့ အာဆီယံဘက်က ၂၀၂၁ ခုနှစ်မှာ ထိုင်းနိုင်ငံမှ ယခင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဗီယာဆပ်ဒီဖူထရာကူ၊ အင်ဒိုနီးရှားနိုင်ငံမှ ယခင်နိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာဂျူဒါနှင့် မလေးရှားနိုင်ငံမှ ရာဇလီအစ်ဇမေ တို့ရဲ့ အမည်စာရင်းတွေကို မြန်မာအစိုးရဘက်သို့ အဆိုပြုပေးပို့ခဲ့ပါတယ်။ ၎င်းတို့အထဲက ထိုင်းနိုင်ငံမှ ယခင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဗီယာဆပ်ဒီဖူထရာကူကို အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံမှလက်ခံကြောင်း ၆-၇-၂၀၂၁ ရက်နေ့မှာ အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံသို့ တရားဝင် အကြောင်းပြန်ကြားခဲ့ပါတယ်။ ဒါပေမယ့် အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံက ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) ဒါတိုအီရာဝမ်ပီဟင်ယူဆွတ်ကို ခန့်အပ်ဖို့ပြောင်းလဲအဆိုပြုလာပြန်ပါတယ်။ အာဆီယံဘက်က အထူးကိုယ်စားလှယ်အဖြစ် မူလအဆိုပြုခဲ့တဲ့ သုံးဦးအပြင် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂)ကို ခန့်အပ်ဖို့ ပြောင်းလဲအဆိုပြုလာတာကြောင့် မြန်မာနိုင်ငံဘက်က ထိုင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်းကိုလက်ခံကြောင်း ပြန်ကြားခဲ့သော်လည်း အထူးကိုယ်စားလှယ် ခန့်အပ်ရေးကိစ္စဟာ ရှေ့မဆက်နိုင်ဖြစ်ခဲ့ရပါတယ်။ အာဆီယံ အထူးကိုယ်စားလှယ် ခန့်အပ်မှုနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့သဘောထားဖြစ်တဲ့ အထူးကိုယ်စားလှယ်ဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံရဲ့ အစိုးရအဖွဲ့ဝင်တစ်ဦးမဖြစ်သင့်ကြောင်း၊ နိုင်ငံရေးလွှမ်းမိုးမှုတွေ မရှိဘဲ လွတ်လပ်တဲ့ပုဂ္ဂိုလ်ကို ခန့်အပ်မှသာ အထူးကိုယ်စားလှယ်ရဲ့ လုပ်ငန်းတာဝန်တွေကို လွတ်လပ်စွာ ထမ်းဆောင်နိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ဖို့အာဆီယံဘက်က ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂)ကို ပြောင်းလဲအဆိုပြုတာကို မြန်မာနိုင်ငံက လက်မခံနိုင်ကြောင်းကို စာနဲ့အကြောင်းပြန်ကြားခဲ့ပါတယ်။

ဒါပေမယ့် ၂-၈-၂၀၂၁ ရက်နေ့မှာ ကျင်းပတဲ့ (၅၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် မူလအဆိုပြုခဲ့တဲ့ အမည်စာရင်းတွေကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) ဒါတိုအီရာဝမ်ပီဟင်ယူဆွတ်ကို ခန့်အပ်ဖို့ အဆိုပြုခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံတူညီဆန္ဒ (၅)ချက်အပေါ် ဆောင်ရွက်နိုင်တာတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ပြသတဲ့အနေနဲ့ ၄-၈-၂၀၂၁ ရက်နေ့မှာ ကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမှာ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) ဒါတိုအီရာဝမ်ပီဟင်ယူဆွတ်ကို ခန့်အပ်မယ့်ကိစ္စကို မြန်မာနိုင်ငံက သဘောတူပေးခဲ့ပါတယ်။ အဆိုပါအစည်းအဝေးမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲ့ ရပ်တည်ချက် (၃)ချက်ဖြစ်တဲ့ အထူးကိုယ်စားလှယ်ဟာ မြန်မာအစိုးရနဲ့နီးကပ်စွာတရားဝင် ဆွေးနွေးမှုတွေပြုလုပ်ပြီး တူညီဆန္ဒ (၅)ချက်နဲ့အညီသာ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံဟာ တူညီဆန္ဒ(၅)ချက်အပြင် အဆိုပြုချက်အသစ်တွေကို လက်ခံမှာမဟုတ်ကြောင်း၊ အထူးကိုယ်စားလှယ်ဟာ တာဝန်တွေထမ်းဆောင်တဲ့အခါ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာ၊ သာတူညီမျှရှိမှု၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှု၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဖို့နဲ့ ပြင်ပဝင်ရောက် စွက်ဖက်မှု၊ သိမ်းသွင်းမှု၊ အကျပ်ကိုင်မှုတွေမပြုဘဲ မိမိနိုင်ငံရဲ့ကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးနိုင်မှုဆိုတဲ့ အခွင့်အရေးကို လေးစားဖို့ ပြောကြားခဲ့ပြီး ယင်းပြောကြားချက်တွေကို အစည်းအဝေးမှာ မှတ်တမ်းတင်ထားရှိရေး ပြောကြားခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံတူညီဆန္ဒ (၅) ရပ်ကို ဘယ်လိုအကောင်အထည်ဖော်နေပါသလဲ။**

**ဖြေ။ ။** မြန်မာနိုင်ငံအစိုးရဟာ နိုင်ငံတွင်းငြိမ်းချမ်းတည်ငြိမ်မှုရရှိရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ရေး ကြိုးပမ်းနေမှုနဲ့ အတူ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းကို အာဆီယံဥက္ကဋ္ဌရဲ့ ယခင်အထူးကိုယ်စားလှယ်တွေနဲ့ အပြုသဘော နီးကပ်စွာလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ဟာ အာဆီယံတူညီဆန္ဒ (၅)ချက် မပေါ်ပေါက်ခင်ကတည်းက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် ဦးတည်ချမှတ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ကာ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းမှုရရှိရေးအတွက် ကြိုးပမ်းမှုတွေအပါအဝင် လုပ်ငန်းစဉ် (၅)ရပ်ကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိပါတယ်။

ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေဟာ အကြမ်းဖက်မှုတွေရပ်တန့်ရေးအတွက် အာဆီယံမှ တောင်းဆိုထားတဲ့ အချက်နံပါတ်(၁)ကို နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ရာမှာ သိသာထင်ရှားတဲ့ ဆောင်ရွက်ပေးနေတဲ့အချက်ဖြစ်ပါတယ်။

### မြန်မာနိုင်ငံမှ သဘောတူလက်ခံခဲ့

၂၀၂၂ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံရဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်မှာလည်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Prak Sokhonn ကို အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့တာကို မြန်မာနိုင်ငံမှ သဘောတူလက်ခံခဲ့ပါတယ်။ Mr. Prak Sokhonn ရဲ့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံခရီးစဉ်ကို ၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိနဲ့ ဒုတိယအကြိမ်ခရီးစဉ်ကို ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ လာရောက်ခဲ့တာတွေကိုလည်း မြန်မာနိုင်ငံမှ လိုအပ်သည်များ ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်း၏ခရီးစဉ်များအတွင်း မြန်မာနိုင်ငံဘက်က တာဝန်ရှိသူတွေ၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနက်မှ တွေ့ဆုံခွင့်စီစဉ်ပေးနိုင်မယ့်အဖွဲ့တွေနဲ့ တွေ့ဆုံခွင့်ရရှိဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အာဆီယံဥက္ကဋ္ဌရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့ခေါင်းဆောင် Dr. KUNG Phoak ရဲ့ မြန်မာနိုင်ငံခရီးစဉ် နှစ်ကြိမ်ကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

အထူးကိုယ်စားလှယ်တွေခန့်ထားမှု၊ လက်ခံပူးပေါင်းဆာင်ရွက်ပေးမှု၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုတွေကိုကြည့်ရင် မြန်မာအစိုးရဟာ တူညီဆန္ဒ(၅)ချက်ရဲ့ အရေးကြီးတဲ့အချက်တွေကို အာဆီယံနဲ့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တူညီဆန္ဒ(၅)ချက်ရဲ့ သိသာထင်ရှားတဲ့ တိုးတက်မှု နောက်တစ်ခုကတော့ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ ပေးအပ်နေတာကို မြန်မာနိုင်ငံအစိုးရမှ တိုင်းဒေသကြီး၊ ပြည်နယ်တွေ အဆင့်အထိ အပြည့်အဝ ပူးပေါင်းဖြည့်ဆည်းပေးလျက်ရှိနေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီတွေ ပေးအပ်တဲ့ လုပ်ငန်းစဉ်ကို အဆင့်(၂)ဆင့် သတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်။ မြေပြင်မှာ AHA Centre ရဲ့ ရည်မှန်းချက်တွေ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်စေရေးအတွက်နဲ့

စာမျက်နှာ ၁၀ သို့ ❖

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ


ကျောက်စာရုံစေတီတော်များတွင် မီးထွန်းပူဇော်ထားမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေ ကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

**ဌာပနာသွင်းလှူ ပူဇော်**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်း လှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူ ပူဇော်နိုင်ခဲ့သည်။

**ထည့်ဝင်လှူဒါန်း**

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံ ထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာတော် ကုသိုလ်ပြုနိုင်ရန်အတွက် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ခဲ့ရာ ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာ ဆက်သွယ်၍ အဖိုးတန် ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများကို ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ လှူဒါန်းခဲ့သည့် အဖိုးတန် ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟို ဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူ ပူဇော်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များနှင့် ဘုရားကြီးရင်ပြင်တော်များတွင် မီးထွန်းပူဇော်ခြင်းများကို အများပြည်သူများ အနေဖြင့် ကြည်နူးကြည်ညို သပ္ပာယ်စွာဖြင့် တွေ့မြင်ကြရမည် ဖြစ်ပါသည်။

**သတင်းစဉ်**



❖ **စာမျက်နှာ ၉ မှ**

မူဝါဒဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုတွေကို အဆင်ပြေချောမွေ့စေဖို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ မြန်မာလုပ်ငန်းအဖွဲ့(Myanmar Task Force)ကိုလည်း ဖွဲ့စည်းထားပါတယ်။ ယခုဆိုရင် ပထမအဆင့်ဖြစ်တဲ့ အသက်ကယ်ရေးအကူအညီတွေပေးအပ်တဲ့လုပ်ငန်းစဉ်ဟာ အောင်မြင်ချောမောစွာ ပြီးစီးခဲ့ပြီဖြစ်သလို ဒုတိယအဆင့်ဖြစ်တဲ့ ဘဝရှင်သန်တည်မြဲရေးအကူအညီတွေ ပေးအပ်ဖို့အတွက်ကိုလည်း မြန်မာနိုင်ငံက အာဆီယံနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အာဆီယံတူညီဆန္ဒ (၅)ချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ တိုးတက်မှုမရှိဘူးလို့ ပြောဆိုစွပ်စွဲနေကြတာတွေက လုံးဝအခြေအမြစ်မရှိဘူးဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံဟာအာဆီယံနဲ့ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားမယ့် အစီအစဉ်များကို သိလိုပါတယ်။**

**ဖြေ။** ။ အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံဟာ အဖွဲ့ဝင်နိုင်ငံကောင်းပီသစွာနဲ့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်နဲ့ အာဆီယံအသိုက်အဝန်းထူထောင်ရေး မျှော်မှန်းချက်လမ်းပြမြေပုံတွေမှာပါရှိတဲ့ အာဆီယံစံနှုန်းတွေ၊ အာဆီယံလမ်းစဉ်တွေ၊ အာဆီယံမူတွေပေါ်မှာ ခိုင်မာစွာရပ်တည်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေ လိုက်နာဆောင်ရွက်ရမယ့် ဘဏ္ဍာရေးပိုင်း၊ လုပ်ငန်းပိုင်း တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့အချိန်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး အခြေအနေတွေကို အကြောင်းပြုပြီးတော့ အာဆီယံပဋိညာဉ်စာတမ်းပါ စံနှုန်းတွေနဲ့ အခြေခံမူတွေကို ကျော်လွန်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ကန့်ကွက် ဖိအားပေးမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ စည်းမျဉ်းအခြေခံတဲ့ အသိုက်အဝန်းထူထောင်ရေးကို ဦးတည်နေတဲ့ အာဆီယံအဖွဲ့ကြီးအပေါ် အများယုံကြည် လက်ခံနိုင်မှုကို ထိခိုက်စေတဲ့အပြင် အာဆီယံဗဟိုအချက်အချာကျမှုနဲ့ စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေမှာကိုလည်း အထူးသတိပြုသင့်ပါတယ်။ အင်အားကြီးနိုင်ငံတွေရဲ့ပြိုင်ဆိုင်မှုတွေ ဒေသအတွင်း စိမ့်ဝင်ပျံ့နှံ့မလာစေဖို့ အာဆီယံမှာကျင့်သုံးနေတဲ့ ကောင်းမွန်တဲ့ ထုံးတမ်းစဉ်လာများနဲ့ အာဆီယံနိုင်ငံတွေနဲ့ ပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ တစ်နိုင်ငံချင်း စည်းလုံးညီညွတ်မှုတွေကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဖို့နဲ့ မိမိတို့ရဲ့ တစ်ဦးချင်း ကိုယ်ကျိုးစီးပွားနဲ့ နိုင်ငံရေးလိုလားချက်တွေကို ရှေ့တန်းမတင်ဖို့ အရေးကြီးတဲ့ အချိန်အခါပင်ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီး စတင်တည်ထောင်ခဲ့တဲ့ နှစ်ပေါင်း ၅၅ နှစ်အတွင်း ဒေသတွင်း နိုင်ငံတွေအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနဲ့ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေကတစ်ဆင့် ဒေသတွင်းနိုင်ငံရေးဟန်ချက်ညီမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးနှင့်ယဉ်ကျေးမှုတိုးတက်ဖြစ်ပေါ်ရေးတို့ကို မြှင့်တင်နိုင်ခဲ့ကြပါတယ်။ အာဆီယံနိုင်ငံတွေအကြား မတူညီတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးတိုးတက်မှုကွာဟချက်စတဲ့ ကွဲပြားမှုတွေရှိနေပေမယ့် အဲဒီလို မတူညီမှုတွေနဲ့ ပေါင်းစည်းထားတဲ့ အာဆီယံအသိုက်အဝန်းကတစ်ဆင့် ရရှိလာမယ့် ရလဒ်တွေနဲ့ အကျိုးစီးပွားတွေကို အတူတကွခံစားကြပြီး စိန်ခေါ်မှု၊ အခက်အခဲတွေကိုလည်း အာဆီယံလမ်းစဉ်၊ အာဆီယံညီညွတ်မှု၊ အာဆီယံစိတ်ဓာတ်တို့နဲ့ ကြံ့ကြံ့ခံရင်ဆိုင် ဖြေရှင်းသွားကြရမှာသာ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံဟာ အာဆီယံရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ "ပြည်သူရှေးရှုပြည်သူ့ဗဟိုပြု အာဆီယံအသိုက် အဝန်းကြီး" ရေရှည်တည်တံ့စေဖို့နဲ့ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်တွေကို ပြည့်မြောက်အောင်မြင်နိုင်စေဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ အာဆီယံမိတ်ဖက်နိုင်ငံတွေနဲ့ အတူ စုစည်းညီညွတ်စွာနဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်ပြီး မိတ်ဝတ်မပျက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် IDPs စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းတွင် စစ်တွေမြို့ ဘောဒူဖ IDPs စခန်းသို့သွားရောက်၍ စခန်းရှိဘင်္ဂါလီများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။






### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDP စခန်း ပြောင်းရွှေ့နေရာချထားမည့် နေရာသို့ရောက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေအိမ်များဆောက်လုပ်နေမှု၊ ရေ၊ မီး၊ မိလ္လာဆောင်ရွက်ထားရှိမှု၊ ရေဝပ်ဧရိယာများ မြေဖို့နေမှု၊ ဆေးပေးခန်းဆောက်လုပ်နေမှု၊ စခန်းအဝင် မြေသားလမ်းနှင့် Box Culvert ဆောက်လုပ်နေမှု၊ ကျေးရွာခန်းမတည်ဆောက်နေမှုနှင့် စာသင်ကျောင်းများ ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းများကို မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားခဲ့ပြီး ကျောက်တစ်လုံး IDP စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျောက်ဖြူ ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းသို့ရောက်ရှိကြရာ Supreme Company ဒါရိုက်တာ ဦးအောင်ကျော်မင်းက Power China Resource Company နှင့် တိုင်းရင်းသားပိုင် Supreme Company တို့ပူးပေါင်း၍ စီမံကိန်းဆောင်ရွက်နေမှုနှင့် ကျောက်ဖြူ-CCGT Power Plant နှင့် ပေါင်းစပ်ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံး စံပြ Hybrid လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းလျာထားမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးမေးမြန်း၍ စီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

### ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျောက်ဖြူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး ဖွင့်လှစ်လျက်ရှိသည့် လျှပ်စစ်၊ ဆောက်လုပ်ရေး၊ မော်တော်ယာဉ်စက်ပြင်၊ လက်ကိုင်ဖုန်းပြင်နှင့် အခြေခံစက်ပြင် သင်တန်းများသင်ကြားပေးနေမှုကို ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မာန်အောင်ဟိုတယ်၌ ကျင်းပသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံပွဲသို့ တက်ရောက်ပြီး မာန်အောင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မာန်အောင်မြို့နယ် ဖွံ့ဖြိုးရေးအတွက် လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလိုအပ်ချက်နှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး MSME လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာကာ ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "မျိုးစေ့ပြပွဲ ၂၀၂၃" ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကျင်းပသည့် "မျိုးစေ့ပြပွဲ ၂၀၂၃" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် အရည်အသွေးပြည့်မီသောမျိုးစေ့များကို တောင်သူများလိုအပ်ချိန်တွင် လိုအပ်သောပမာဏ အလွယ်တကူ သုံးစွဲနိုင်ရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားကုမ္ပဏီများသာမက နိုင်ငံခြားသား ကုမ္ပဏီများပါ ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေနိုင်ကြပြီဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းမှ ပြည်တွင်းလိုအပ်ချက်သာမကပြည်ပသို့ မျိုးစေ့တင်ပို့ခြင်းကိုပါ ဆောင်ရွက်နိုင်ပြီးဖြစ်၍ အကျိုးအမြတ်ကောင်းစွာရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရေမြေရာသီဥတုအနေအထားအရ သီးနှံမျိုးစုံအတွက် မျိုးစေ့ထုတ်လုပ်ရန် အခြေအနေကောင်းများစွာရှိနေကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မျိုးစေ့ဥပဒေဖြင့် ထိန်းကျောင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများအပေါ် လိုအပ်သည့် ပြင်ဆင်မှု၊ ဖြေလျှော့မှုနှင့် ပံ့ပိုးကူညီမှုများပြောင်းလဲဆောင်ရွက်ပေးနိုင်ပါက ပြည်တွင်း မျိုးစေ့သုံးစွဲမှုအတွက် လုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေး တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မျိုးစေ့ပြပွဲ ၂၀၂၃" ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများကို ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မျိုးစေ့ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကမျိုးစေ့အရောင်းဆိုင်များ၊ သီးနှံမျိုးအလိုက် စိုက်ခင်းစိုက်ကွက်များကို ကြည့်ရှုသည်။

ယခုကျင်းပသည့် မျိုးစေ့ပြပွဲသည် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ လယ်ယာကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများနှင့် မျိုးစေ့ကုမ္ပဏီ ၂၃ ခုမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းသားကျောင်းသူများ၊ မျိုးစေ့ထုတ် တောင်သူလယ်သမားများ၊ ဒေသတွင်းတောင်သူ လယ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၁၉)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာန ဌာနမှူး ဦးစိုးလင်းက ပြောသည်။

အဆိုပါ မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ပြည်တွင်းနှင့် ပြည်ပသစ်ခွပြိုင်ပွဲ၊ ရှားစောင်းပင် ပြိုင်ပွဲ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ၊ အထုပ်ပြိုင်ပွဲ၊ သစ်သီးဝလံ အခိုင်လိုက်ပြိုင်ပွဲ အစရှိသည့် ပြိုင်ပွဲဝင်အမျိုးအစား ၂၃ မျိုး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစား အားလုံးအတွက် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိမ့်ဆုသုံးဆုအတွက် ငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်များအား ပြိုင်ပွဲကျင်းပမည့် မန္တလာသီရိအားကစားကွင်း ကွပ်ကဲရေးရုံးသို့ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိလည်းကောင်း ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီထံသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ UNAIDS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအသစ် ခန့်အပ်လွှာ လာရောက်ပေးအပ်

**နေပြည်တော်　ဖေဖော်ဝါရီ　၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ ကုလသမဂ္ဂ၏ ပူးတွဲအစီအစဉ်(Joint United Nations Programme on HIV/AIDS–UNAIDS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး (Country Director)အဖြစ် တာဝန်ထမ်းဆောင်မည့် Dr. Rangaiyan Gurumurthy သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော်　ဖေဖော်ဝါရီ　၉**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိအဆိုပါရုံး၌ ကျင်းပသည်။

ပြိုင်ပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင် အသင်း ငါးသင်း ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်ဦးခန့်ဇော်က ပြိုင်ပွဲတွင် ပထမဆုရရှိသော သမဝါယမဦးစီးဌာနအသင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ဒုတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံးအသင်းကိုလည်းကောင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဒွန်းက တတိယဆုရရှိသော အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအသင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က နှစ်သိမ့်ဆုရရှိကြသည့် အသင်းများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆွေးနွေး**

မွန်းလွဲပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အဆိုပါရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများ၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့မှ ကျောင်းအုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကြောင်းသိရသည်။



သတင်းစဉ်





# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ( ၂၀၀ ကျပ်တန် ) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော်　ဖေဖော်ဝါရီ　၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ဖေဖော်ဝါရီ ၁၂ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား **၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ **ဖေဖော်ဝါရီ ၁၂ ရက်**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန ကိုယ်စားပြုပြခန်းများ ခင်းကျင်းပြသမည့် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်သို့ ရောက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း စီစဉ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသရေးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ အများပြည်သူအတွက် ဆောင်ရွက်ပေးနေမှုများကို အချိန်တိုအတွင်းသိရှိသွားစေရန်၊ ကဏ္ဍအလိုက် အစီအစဉ်တကျ ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ရန်နှင့် ကဏ္ဍအလိုက်ရှင်းလင်းနိုင်ရေးအတွက် တာဝန်ခံဝန်ထမ်းများ ထားရှိသွားရန် မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ယင်းမာပင်၌ ဌာနပေါင်းစုံဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ယင်းမာပင်　ဖေဖော်ဝါရီ　၉**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သောဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ယင်းမာပင်မြို့ ပြည်သူ့အားကစားကွင်းအတွင်း ပွဲကြည့်စင်ရှေ့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၂၉ ရက်မှစ၍ ကျင်းပပေးခဲ့ပြီး ယနေ့တွင် ဆုရရှိသည့် အသင်းများကို ဆုများချီးမြှင့်ပေးခြင်းဖြစ်ကြောင်း ပြောသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲများတွင် ခရိုင်ဥက္ကဋ္ဌ ဦးဆန်းမော်က ဆုရရှိကြသည့် ရဲတပ်ဖွဲ့(က) အသင်း၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးဝင်းခိုင်ထွန်းက ဒုတိယဆုရရှိသည့် လုံခြုံရေးအသင်းနှင့် တတိယဆုရရှိသည့် မြို့နယ်ထွေ/အုပ်အသင်းအား အတွင်းရေးမှူး ဒုတိယရဲမှူးကြီးတင်ထွဋ်တို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်　စာအုပ်စာပေ လူ့မိတ်ဆွေ

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၁၅/၂၀၂၃) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

**စိစစ်ဆောင်ရွက်**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party)**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။
(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။
(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။
(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## နည်းပညာအရည်အသွေးပြည့်ဝသော ပညာတတ်၊ ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) အစည်းအဝေးခန်းမသို့ရောက်ရှိရာ တာဝန်ရှိသူများက သင်တန်းများဖွင့်လှစ်နေမှုကို ရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်နိုင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာရှင်များ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းထုတ်ကုန်များတိုးပွားလာစေရန် လိုအပ်သည့် နည်းပညာများ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်း ပြောကြားပြီး နည်းပညာ အရည်အသွေး ပြည့်ဝသော ပညာတတ်၊ ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်မီသင်ကြား၊သင်ယူမှု နည်းစနစ်များကို ထိရောက်စွာအသုံးပြုရန်၊ လုပ်ငန်းခွင်အစဉ်တိုးတက်နေစေရေးဆောင်ရွက်ရန်၊ အရည်အသွေးများ ပိုမိုမြင့်မားလာရေး အစဉ်သုတေသနပြုလေ့လာမှုများ လုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်ရှိ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် ဆိုလာ တပ်ဆင်ထားရှိမှု၊ ကျောင်းသားကျောင်းသူများ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေမှုများ၊ စာကြည့်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ဖူဆယ်အားကစားကွင်း တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အားကစား ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာမြို့နယ်၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ငွေလုံးငွေရင်းများ ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့်အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုဖူလုံရေး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၂၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ထန်းတပင်စက်မှုဇုန်ရှိ Myanmar Sinyoung အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဦးကျော်သူရသည် စက်ရုံ၌ အလုပ်တာဝန်ထမ်းဆောင်ပြီး နေအိမ်သို့ပြန်ရာလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေ ၄၂၇၂၀၀၀ ကျပ်ကို မိခင်ထံသို့လည်းကောင်း၊ မြစိမ်းရောင်စက်မှုဇုန်ရှိ Zhong Hong အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား မစန္ဒာထွန်းသည် အလုပ်ခွင်မှအပြန် မတော်တဆထိခိုက်ဒဏ်ရာရရှိ၍ ခြေတစ်ဖက် ဆုံးရှုံးခြင်းအတွက် အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့်ငွေကျပ် ၄၈၆၈၆၄၀ ကို ကာယကံရှင်ထံသို့ လည်းကောင်း ပေးအပ်သည်။

ထို့ပြင် စက်မှုဇုန် (၂) ရှိ Sd Great One အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဦးမင်းသူသည် လုပ်ငန်းခွင်မှအပြန် မတော်တဆထိခိုက်ဒဏ်ရာရရှိ၍ ခြေတစ်ဖက်ဆုံးရှုံးခြင်းအတွက် အမြဲတမ်းမသန်စွမ်းအကျိုးခံစားခွင့်ငွေကျပ် ၅၃၄၄၉၂၀ ကို တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက အလုပ်ဌာနများမှ တာဝန်ရှိသူများနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်နှင့် အမြဲတမ်း မသန်စွမ်း အကျိုးခံစားခွင့် ငွေလုံးငွေရင်းတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

၂၂၂




## ဟုမ္မလင်းမြို့၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု သင်တန်းနှင့် လုပ်ငန်းသုံးစက်ကိရိယာများပေးအပ်ပွဲ ကျင်းပ

**ဟုမ္မလင်း ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ဖွင့်လှစ်ပို့ချသော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ရေရှည်တည်တံ့သော ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုပညာပေးသင်တန်းနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းသုံး ကိရိယာများအား ကော်ဖီစိုက်တောင်သူများထံသို့ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဟုမ္မလင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများက တက်ရောက်လာကြသော ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကော်ဖီစိုက်တောင်သူများနှင့် မိုဝိုင်းလွတ်၊ လေရှီးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများထံ ကော်ဖီမျိုးစေ့များ၊ စိုက်ကျင်းတူးစက်များ၊ ကော်ဖီအချိုဓာတ်တိုင်းကိရိယာနှင့် ကော်ဖီစိုက်ပျိုးနည်းပညာပေးစာအုပ်များ၊ လက်ကမ်းစာစောင်များ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး ၎င်းသင်တန်းတွင် တောင်သူ ၂၅ ဦး၊ ဟုမ္မလင်း၊ မိုဝိုင်းလွတ်၊ လေရှီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန် အရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝန်ကြီးဌာန ပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန် အရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီမိနစ် ၂၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV News Channel၊ MWD–HD၊ MWD Variety–HD၊ MITV၊ MRTV 4 Reader's Channel၊ Sky Net တိုင်းရင်းသား Channel၊ MOI Website၊ MOI Youtube၊ MRTV Website တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂-၂-၂၀၂၃) နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၅-၁၂-၂၀၂၂) နေ့မှ (၂၀-၁-၂၀၂၃) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၁၃ ဦး ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၄၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၉ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၄၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



❍ ကျောဖုံးမှ

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန် ပြည်လမ်းတစ်လျှောက်နှင့် ပြည်သူ့ရင်ပြင်ရှေ့၊ သမိုင်းဝင်အထင်ကရ ဟံသာဝတီယာဉ်ပတ်အဝိုင်း၊ လမ်းဆုံလမ်းခွများ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၏ကိုယ်စားပြုအလံများ စိုက်ထူချိတ်ဆွဲထားမှုများ၊ ရောင်စုံမီးအလှများဖြင့် ပုံဖော်ထားမှုကို မြင်တွေ့ရမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင်ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ဒေသထွက်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင် ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ စက်မှုဇုန်များမှ MSME ထုတ်ကုန်များအရောင်းပြခန်း ၃၅၆ ခန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၀ နာရီခွဲအထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

**ညှို့ခံဖျော်ဖြေ**

ပွဲတော်လာ ပြည်သူများအတွက် တိုင်းရင်းသားရိုးရာအကများ၊ မျိုးဆက်သစ်အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ညှို့ခံဖျော်ဖြေပေးသွားမည်ဖြစ်ပြီး ပြည်သူ့ရင်ပြင် ဆင်ပန်းဥယျာဉ်အတွင်း သွေးချင်းတိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ရုပ်ပုံများကိုလည်း ဒစ်ဂျစ်တယ် LED မီးများဖြင့်ထွန်းညှိပြသထားသည်ကို လှပစွာမြင်တွေ့ရမည်ဖြစ်သည်။ အဆိုပါ ပြခန်းနှင့်ဈေးရောင်းပွဲတော်သို့ လာရောက်ကြည့်ရှုဝယ်ယူအားပေးကြမည့် ပြည်သူများအတွက် ကျန်းမာရေးအဖွဲ့များ၊ သန့်စင်ခန်းများ စီစဉ်ဆောင်ရွက်ပေးထားကြောင်းသိရသည်။

**စောသိန်းဝင်း**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ ရန်ကုန် ပညာရေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စကားရည်လုပွဲနှင့်ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန် ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ အဆောင်မှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေမြတ်သူက ကျောင်းသား ကျောင်းသူများအနေဖြင့် ဘာသာစကားစွမ်းရည် (ရေးသားခြင်း၊ ဖတ်ရှုခြင်း၊ ပြောကြားခြင်း၊ နားထောင်ခြင်း) ကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ရရှိပြီး မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးသို့ အထက်တန်းပြ ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်သည့်အခါ အမိပညာရေးတက္ကသိုလ်က လေ့ကျင့်ပေးလိုက်သည့် ပညာရေးသာမက ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးမှုတို့ကို လုပ်ငန်းခွင်တွင် ကောင်းစွာ လက်တွေ့ အသုံးချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာညိုညိုလွင်က စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)များနှင့် တွဲဖက်ပါမောက္ခများက အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့သောင်းမြို့၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကော့သောင်း ဖေဖော်ဝါရီ ၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာအသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က နဝရတ်အားကစားခန်းမ၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ခြင်း၊ စာအုပ်၊ စာစောင်များခင်းကျင်းပြသခြင်းများ ပြုလုပ်ခဲ့ကြသည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

အဆိုပါ ဆွေးနွေးပွဲနှင့်ပြပွဲသို့ အထက(ခွဲ)ရွှေမင်းဝံကျောင်းနှင့် အလက(၂)မှဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြသည်။



ယင်းနောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို လူငယ်နှင့် Social Media၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အချိန်နှင့်ဒီရေသည်လူကိုမစောင့် စသည့် ခေါင်းစဉ်များဖြင့် စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြပြီး စာအုပ်ပြပွဲမှ အသိပညာဗဟုသုတရဖွယ် စာအုပ်၊ စာစောင်များ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ အသိပညာပေး ဆွေးနွေးဟောပြော

တိုက်ကြီး ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ပြည်သူများ ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ထွန်းလှိုင်(မြိုင်)နှင့် စာရေးဆရာ အောင်လေးတို့က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုင်ရာ သိကောင်းစရာများကို အကျယ်တဝင့် အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြသည်။

**မြင့်ဦး**

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်**

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း တာဝါတိုင် နှစ်တိုင်အား ဖောက်ခွဲဖျက်ဆီးမှု အခြေအနေအား သတင်းထုတ်ပြန်ခြင်း

**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၈-၂-၂၀၂၃ ရက်နေ့တွင် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)- တီကျစ် ဓာတ်အားလိုင်း၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးဗြဲမြို့နယ်နှင့် ဖယ်ခုံမြို့နယ် အကြားရှိ တာဝါတိုင်နှစ်တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်နှစ်တိုင် ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း (၁၀) ကြိမ်နှင့် တာဝါတိုင်ပေါင်း (၂၆) တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ NUGလက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း (၂၂၁) ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**





၁၃၂ ကေဗွီ ဘီလူးချောင်း(၂)- တီကျစ် ဓာတ်အားလိုင်း၏ တာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၈၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၈၀၀ |
| 95 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၅ | ၂၂၆၅ | ၂၃၀၅ | ၂၃၃၀ | ၂၃၁၀ | ၂၂၉၀ | ၂၃၉၀ | ၂၄၀၅ | ၂၂၈၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၄၅ | ၂၃၄၅ | ၂၅၇၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၅ | ၂၂၆၅ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၄၁၀ | ၂၄၀၅ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၇၅ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၉၀ | ၂၄၈၅ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၆၅၅ | ၃၃၈၀ |
| HSD (10 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၉၀ | ၂၄၈၅ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၆၅၅ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၇ | ၂၁၅၂ |
| 95 Ron | ၂၁၄၄ | ၂၂၂၁ |
| HSD (500 ppm) | ၂၁၄၉ | ၂၂၂၂ |
| HSD (50 ppm) | ၂၂၂၃ | ၂၂၉၇ |
| HSD (10 ppm) | ၂၂၂၃ | ၂၂၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာသီသီထွန်း၊ ပါမောက္ခ (ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

**တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းဟာ ၂၀၁၉ ခုနှစ် မေးခွန်းပုံစံအတိုင်း ပြုစုမှာဖြစ်ပါတယ်။ မေးခွန်းတွေမှာ ကျောင်းသားအများစု ဖြေဆိုနိုင်မယ့် လွယ်၊ သင့်၊ ခက် မေးခွန်းတွေ ပါဝင်တာဖြစ်လို့ သင်ခန်းစာများကို ကျေညက်အောင်လေ့လာထားတဲ့ ကျောင်းသားကျောင်းသူများ ဖြေဆိုနိုင်မယ့် မေးခွန်းပုံစံဖြစ်ပါတယ်။**

အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း (၉) ပုဒ်မေးမှာဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေအနေနဲ့ Grade 11 အင်္ဂလိပ်စာ သင်ရိုးညွှန်းတမ်းမှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section နဲ့ Poems တွေအားလုံးကို ကျေကျေညက်ညက် လေ့လာထားကြဖို့ တိုက်တွန်းလိုပါတယ်။

**မေးခွန်းနံပါတ်(၁)**ကတော့ သတ်မှတ်ပေးထားပြီးဖြစ်တဲ့ သင်ခန်းစာများထဲကနေ ကျောင်းသား ကျောင်းသူများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် ဒါမှမဟုတ် တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်တွေကို ပေးထားပြီး အဲဒီ စာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

**I. (A) က Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ ဝါကျ(၅)ကြောင်းပေးထားပြီး ပေးထားတဲ့ကွက်လပ်ကို စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။

ဥပမာ စာပုဒ်ထဲမှာ "He might fool some people for a little while through misleading advertising." လို့ပေးထားပြီး မေးခွန်းမှာ "Some people might _______ for a while through misleading advertising." လို့မေးလာခဲ့ရင် ပေးထားတဲ့စာပုဒ်ထဲက Active verb form ဖြစ်တဲ့ 'fool' ကို ပြန်ကူးချလို့ မရပါဘူး။ ပြုလုပ်ခံရတဲ့ Some people ဟာ object position ဖြစ်သော်လည်း verb ရဲ့ရှေ့ subject position ကို ရောက်နေပါတယ်။ ဒါကြောင့် passive verb form ဖြစ်တဲ့ 'be fooled' ကို ကွက်လပ်ဖြည့်ရမှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ စာပုဒ်ထဲမှာ "Also, the moon is not a magnet the way the earth is. You can leave your compass home too." လို့ပေးထားပြီး မေးခွန်းမှာ "If we visit the moon, we can leave a compass home because it is not _______" လို့မေးလာခဲ့ရင် စာပုဒ်ထဲကအတိုင်း 'a magnet' လို့ ဖြေလို့ရသလို verb to be 'is' နဲ့မေးထားလို့ adjective form ဖြစ်တဲ့ 'magnetic' ကိုလည်း ဖြေလို့ရပါတယ်။

**I. (B) ကတော့ Answer each question in one sentence.** ဖြစ်ပါတယ်။ စာပုဒ်ထဲမှာ ပါတဲ့အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်ပြီး မေးခွန်း (၅) ခုမေးမှာဖြစ်ပြီး ပေးထားတဲ့စာပုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (content) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။

ဥပမာ စာပုဒ်ထဲမှာ "On the moon stars are visible in the daytime, but you would have to shield your eyes from the unfiltered sunlight to view them." လို့ပေးထားပြီး "How can a person view the stars on the moon?" လို့ မေးထားတဲ့အခါ Grammar မှန်မှန်ကန်ကန် ဖြေဆိုရပါမယ်။ စာပုဒ်ထဲက verb 'shield' ကို ဖြေလို့မရတော့ပါဘူး။ How နဲ့လည်းမေးထားတဲ့အတွက် အဖြေက by Ving နဲ့ ဖြေရပါတော့မယ်။ အချက်အလက်နဲ့ သဒ္ဒါမှန်ကန်စွာဖြင့် "A person can view the stars on the moon by shielding his / her eyes from the unfiltered sunlight." လို့ဖြေရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရပါမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်ပါတယ်။

**မေးခွန်းနံပါတ်(၂) ကတော့ Fill in each numbered blank with a word from the list given. There are five extra words. Write down only the number of the blank and the word that fills it.** ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ သင်ခန်းစာတွေထဲက စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်တွေကို ပေးထားပြီး အဲဒီစာပိုဒ်တွေထဲက (၈)လုံးမြောက် ဖောက်ထားတဲ့ ကွက်လပ်တွေမှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်ပေါင်း (၂၀) ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၅)လုံးကိုလဲ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာလုံး(၅)လုံး ပိုပေးထားတာပါပဲ။ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာ ဖြစ်ပါတယ်။ အဖြေကိုရေးတဲ့အခါမှာ capital letter တို့၊ small letter တို့၊ spelling တို့ကို မှန်အောင်ရေးရပါမယ်။

**မေးခွန်းနံပါတ်(၃)** မှာ မေးခွန်း(၂)ပိုင်းပါ ပါမယ်။

**III. (A) ကတော့ Choose the appropriate words to complete the sentences.** ဖြစ်ပါတယ်။ ဖတ်စာအုပ်ထဲက စကားလုံးတွေကို အဓိပ္ပာယ်သိရှိမှုနဲ့ မှန်မှန်ကန်ကန်သုံးတတ်မှုကို စစ်ဆေးတာ ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း(၅)ခုပေးထားပြီး ရွေးချယ်ဖို့ စကားလုံး (၃)လုံး ပေးထားမှာဖြစ်တယ်။ အဲဒီဝါကျမှာ မှန်တဲ့စကားလုံးကိုရွေးရမှာ ဖြစ်ပါတယ်။

ဥပမာ – "Si Si _______ off a ladder and broke her arm." လို့ ပေးထားပြီး ရွေးချယ်စရာ (A) falls (B) fell (C) fall လို့ပေးထားရင် သဒ္ဒါအရ second action ဖြစ်တဲ့ broke က past tense နဲ့ ရေးထားတဲ့အတွက်ကြောင့် ကွက်လပ်ဖြည့်ရမယ့် first action မှာ past tense ဖြစ်တဲ့ (B) fell ရွေးရပါမယ်။

နောက်ဥပမာတစ်ခုကတော့ "_______ foods are kept at zero degree Fahrenheit in supermarkets." လို့ပေးထားပြီး ရွေးချယ်စရာ (A) Prepacked (B) Required (C) Frozen လို့ပေးထားရင် အဓိပ္ပာယ်အရ အဖြေမှန်ဟာ (C) Frozen ဖြစ်ရပါမယ်။ ဒီလိုမေးခွန်းတွေကို ဖြေဆိုရာမှာ ဝါကျရဲ့အဓိပ္ပာယ်နဲ့ ရွေးချယ်ဖို့ပေးထားတဲ့ စကားလုံးတွေကို ဘယ်လိုသုံးရမယ်ဆိုတာ သိရှိထားဖို့ လိုအပ်ပါတယ်။

**III. (B) ကတော့ Write the appropriate words or groups of words to complete the lines of verse.** ဖြစ်ပြီး ပြဋ္ဌာန်းသတ်မှတ်ပေးထားတဲ့ ကဗျာတွေထဲက ကောက်နုတ်ချက်တွေကို ကွက်လပ်ဖြည့်မေးတာပဲဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ကဗျာတွေကို နားလည်မှတ်သားထားရင် ဖြေဆိုဖို့လွယ်ကူတဲ့မေးခွန်းဖြစ်ပါတယ်။ တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။

ဥပမာ – Leisure ကဗျာထဲက စာကြောင်းနှစ်ကြောင်းဖြစ်တဲ့

No time to see, in broad daylight,
_______ full of stars, like skies at night:

လို့မေးရင် Streams လို့ဖြေပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးဖို့ မလိုပါဘူး။

**မေးခွန်းနံပါတ် (၄)** ကတော့ သင်ခန်းစာပါ အကြောင်းအရာတွေကို ကျေကျေညက်ညက် လေ့လာထားမှုရှိ၊ မရှိ စစ်ဆေးဖို့အတွက် မေးခွန်း (၅) ခုမေးမှာဖြစ်ပါတယ်။ ရွေးချယ်စရာမေးခွန်းပေးမထားဘဲ မေးခွန်း (၅) ခုစလုံးကို ဖြေဆိုရမယ်ဆိုတာ သိထားဖို့လိုပါတယ်။ ကျောင်းသားကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါ မှန်မှန်ကန်ကန်နဲ့ မေးခွန်းတွေကို ဖြေကြားရမှာ ဖြစ်ပါတယ်။

ဥပမာ – "What is the difference between a computer and a robot?" လို့မေးထားတယ်ဆိုရင် "The difference between a computer and a robot is that a computer has no moving parts and / but / whereas a robot needs lots of moving parts." လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းတွေဖြေဆိုရာမှာ သဒ္ဒါမှန်ကန်ဖို့နဲ့ အချက်အလက်ပြည့်စုံဖို့ သတိထားရပါမယ်။ ဒုတိယဥပမာမှာဆိုရင် အဖြေမှာ အချက်အလက် (၂) ခုလုံး ဖြေဆိုထားမှသာ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

နောက်ပုံစံတစ်ခုဖြစ်တဲ့ Who said these words and to whom were they said? What do they mean? ဆိုတဲ့ပုံစံလည်း မေးနိုင်ပါသေးတယ်။

ဥပမာ – "There is a treasure inside her that needs to be opened." လို့ မေးထားခဲ့ရင် "The director of the Perkins Institute for the Blind said these words to Annie / Annie Sullivan / Miss Sullivan / Helen's teacher. They mean that Helen (Keller) was very intelligent and she needed someone to teach her language (the door to the world for her)." လို့ ဖြေပေးရပါမယ်။

မေးခွန်းနံပါတ် (၄) အပုဒ်ငယ် (၅) ကတော့ ကဗျာထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်ပါတယ်။

ဥပမာ – "Thus let me live, unseen, unknown;
Thus unlamented let me die;"

လို့ ကဗျာထဲက စာကြောင်း (၂) ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာ (၂) ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်ရော သဒ္ဒါရော မှန်ကန်တဲ့ ဘယ်အဖြေမဆို လက်ခံမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၅)** ကတော့ ဖတ်စာအုပ်ထဲမှာမပါတဲ့ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅) ခုကို ဖြေဆိုပေးရမှာဖြစ်ပါတယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသားကျောင်းသူတို့ အသက်အရွယ်နဲ့ ကိုက်ညီမယ့်အကြောင်းအရာပိုင်းနဲ့ language တို့ပါဝင်တဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်လို့ စိတ်ပူစရာ မလိုပါဘူး။ ယခင်နှစ်များက အတွေ့အကြုံအရဆိုရင် ဒီလိုမေးခွန်းများကို ဖြေဆိုတတ်အောင် လေ့ကျင့်ထားတဲ့အတွက် ကျောင်းသားအများစု ဖြေဆိုနိုင်ကြတာကို တွေ့ရပါတယ်။

ဒီလိုမေးခွန်းတွေကို ဖြေဆိုတတ်အောင် လေ့ကျင့်ထားရင် ကျောင်းသားအများစု ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ – စာပိုဒ်က "In addition, the loud use of mobile phones in public places such as restaurants and cinema is rude and can be very irritating for other people." လို့ပေးထားပြီး "What kind of act irritates people in public places? Why?" လို့မေးရင် အဖြေက "The loud use of mobile phones irritates people in public places because it is rude. " လို့ဖြေရပါမယ်။

ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။

**မေးခွန်းနံပါတ် (၆)** ကတော့ capital letter, small letter, comma, semi–colon, full stop, question mark, open and close inverted comma, exclamation mark, apostrophe စတဲ့ punctuation တွေကို စစ်ဆေးတဲ့မေးခွန်းတွေဖြစ်တဲ့အတွက် Punctuate the following. လို့ မေးထားမှာ ဖြစ်ပါတယ်။

အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့ လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဝါကျအစ စကားလုံးနဲ့ proper nouns တွေကို capital letter နဲ့ရေးဖို့၊ လိုအပ်တဲ့နေရာမှာ comma, apostrophe စသည်ဖြင့် ထည့်ရေးဖို့နဲ့ ဝါကျအဆုံးမှာ Full stop (or) Question mark သုံးဖို့နဲ့ လူတစ်ဦးတစ်ယောက်ရဲ့ ပြောစကားဖြစ်ရင် အဖွင့်အပိတ် inverted comma တွေ မှန်ကန်အောင်သုံးဖို့ သိထားရမှာဖြစ်ပါတယ်။

ဥပမာ – aung kyaw said did you send the parcel to thida လို့မေးထားခဲ့ရင် Aung Kyaw said, "Did you send the parcel to Thida?" လို့ဖြေဆိုပေးရမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၇)** မှာ အပိုင်း( ၂) ပိုင်း ပါဝင်ပါတယ်။

ပထမပိုင်း **VII.(A) က Stylistic Transformation ဖြစ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given.** လို့မေးမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ဝါကျ(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ ဝါကျပုံစံတွေဟာ ပြဋ္ဌာန်းစာအုပ်ပါ Grammar section တွေမှာ ပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယပိုင်း **VII. (B) ကတော့ Using the prompts given, write a very short paragraph on ONE of the following.** ဆိုပြီး ရွေးစရာ (၂) ပုဒ်ပေးပါမယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်နိုင်စွာရေးနိုင်မယ့် တစ်ပုဒ်ကို ရွေးပါ။ ကြိုတင်ပြင်ဆင်ရေးသား ကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုး မလုပ်သင့်ပါ။ မလိုအပ်တာတွေ ထည့်မရေးရပါ။ **Write a very short paragraph.** ဆိုတာကို သတိပြုရပါမယ်။ ပေးထားတဲ့ prompt အားလုံးကိုသာ အသုံးပြုပြီး သဒ္ဒါမှန်တဲ့ဝါကျတွေရေးရမှာ ဖြစ်တဲ့အတွက် ကိုယ်ပိုင်ဝါကျတွေကို မှန်မှန်ကန်ကန် ရေးသားနိုင်အောင် လေ့ကျင့်ထားကြစေလိုပါတယ်။

ဥပမာ – The Life of Helen Keller အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompt က she – happy – intelligent – she – blind – deaf – because – mysterious illness ဖြစ်ရင် သဒ္ဒါမှန်တဲ့ ဝါကျအနေဖြင့် "She was happy and intelligent but she became blind and deaf because of a mysterious illness." လို့ ရေးရမှာ ဖြစ်ပါတယ်။ ဒီဝါကျမှာ ရေးဖို့လိုအပ်တဲ့ စကားလုံးတွေကတော့ was, and, but, became, and, of နှင့် a တို့ဖြစ်ပြီး punctuation mark တွေကတော့ full stop (.) ဖြစ်ပါတယ်။ ဝါကျမှာ အကြောင်းအရာနှစ်ပိုင်းပါရှိပြီး ပထမပိုင်းမှာ was ကို main verb အနေနဲ့ ဖြည့်ရပါတယ်။ ဒီနေရာမှာ tense ကိုလည်း သတိထားရပါမယ်။ Helen ရဲ့ life ဟာ ပြီးခဲ့တာဖြစ်တဲ့အတွက် past tense ကိုသာ သုံးရပါမယ်။ Verb to be + adj form ဖြစ်ရပါတယ်။ and ကတော့ adjective နှစ်ခုကို ဆက်စပ်ပေးရာမှာ သုံးပါတယ်။

**စာမျက်နှာ ၁၇ သို့** ❖

❖ စာမျက်နှာ ၁၆ မှ

ဝါကျရဲ့ ပထမအကြောင်းအရာဟာ ဒုတိယအကြောင်းအရာနဲ့ ဆန့်ကျင်နေတဲ့အတွက် conjunction ဖြစ်တဲ့ but ကိုနှစ်ပိုင်းကြားမှာ သုံးရပါမယ်။ ဒုတိယပိုင်းမှာ main verb အနေနဲ့ became ကို ထည့်ရပါမယ်။ အကြောင်းပြချက်တစ်ခုကြောင့် ဖြစ်လာတာ ဖြစ်တဲ့ အတွက် ဒီနေရာမှာ verb to be သုံးလို့မရပါ။ နောက် adjective နှစ်ခုကို ဆက်စပ်ရာမှာလည်း and ကို ထပ်မံသုံးရမှာဖြစ်ပါတယ်။ သဒ္ဒါအရ because နောက်မှာ Noun form သုံးခွင့်မရှိတဲ့အတွက် because of သုံးမှသာ မှန်ကန်မှာ ဖြစ်လို့ of ကို ထည့်ရပါမယ်။ Article + adj + Noun form မှန်ကန်ဖို့အတွက်လည်း adjective ရှေ့မှာ အကြောင်းအရာမတိကျတဲ့အတွက် article 'a' ကို သုံးရမှာဖြစ်ပါတယ်။ ဝါကျအဆုံးသတ်မှာတော့ punctuation mark ဖြစ်တဲ့ full stop (.) ကို သုံးရပါမယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ဆိုရင် article တွေ၊ preposition တွေ၊ conjunction တွေ၊ pronoun တွေနဲ့ သဒ္ဒါမှန်မှန် ရေးနိုင်ဖို့အပြင် punctuation mark တွေကို ဘယ်လိုသုံးရမယ်ဆိုတာ သိရှိဖို့အတွက်ပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာတွေထဲက ဝါကျတွေကို တိုက်ရိုက်ပေးမှာမဟုတ်လို့ အလွတ်ကျက်မှတ်တာထက် ကိုယ်တိုင်ဝါကျတည်ဆောက်ပုံတွေကို လေ့ကျင့်ထားဖို့လိုပါတယ်။

**မေးခွန်းနံပါတ် (၈) ကတော့ Letter Writing ဖြစ်ပြီး Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း (၂) ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့ နာမည်နဲ့လိပ်စာကိုသာ ရေးရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိနာမည်၊ မိမိကျောင်း၊ မိမိမြို့စတဲ့ စကားလုံးတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာတစ်ခုလား၊ နှစ်ခုလားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ – You are Kay Thwe. You live at No. 23, 68th Street, Mandalay. Write a letter to your friend, Zaw Min, who is also a Grade 11 student. Tell him the training you are going to attend after the matriculation examination and why you want to attend it. ဆိုတဲ့မေးခွန်းကို ကြည့်ရင် အကြောင်းအရာနှစ်ချက်ပါပါတယ်။ ပထမအချက်က the training you are going to attend after the matriculation examination အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် Why you want to attend it လို့မေးထားတဲ့အတွက် ဘာကြောင့် အဲဒီ training ကို တက်ချင်တဲ့အကြောင်းကို အကြောင်းပြချက်တွေပေးပြီး ရေးရမှာဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင် ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ချရေးထားမယ်ဆိုရင် အမှတ်ရနိုင်မှာ မဟုတ်ဘူးဆိုတာကို သတိထားရပါမယ်။ အချက် နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

**မေးခွန်းနံပါတ်(၉)ကတော့ Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာ ဖြစ်ပါတယ်။ ဥပမာ – Benefits of keeping the environment clean လို့မေးထားရင် ပတ်ဝန်းကျင် သန့်ရှင်းဖို့အတွက် ဘယ်လိုထိန်းသိမ်းရမယ်ဆိုတဲ့ နည်းလမ်းတွေကို ဖော်ပြရမှာဖြစ်ပြီး အဲလိုနည်းတွေနဲ့ ထိန်းသိမ်းခြင်းဖြင့် ဘယ်လိုအကျိုးတရားတွေ ရလာမယ်ဆိုတာကို သေသေချာချာ ရှင်းပြပြီး ရေးသားပေးဖို့ လိုပါတယ်။ သို့မှသာလျှင် မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

Content and Relevancy (ရေးသားရမည့် အကြောင်းအရာနှင့် အချက်အလက် ဆီလျော်မှုရှိခြင်း) – မိမိရေးရမည့်အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမယ့် အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

Organization and Presentation (ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်း) – အကြောင်းအရာ အချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရပါမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

Language (စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါ မှန်ကန်ခြင်း) – စကားလုံးများကိုသုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရပါမယ်။ စာလုံးရေကန့်သတ်ထားသည့်အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်သော အရေးအသား ဖြစ်စေရန် သတိပြုဖို့လိုပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေ ကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ကစပြီး ဒီလို စာလုံးရေ ကန့်သတ်လိုက်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ ရေးသားတဲ့ စာပိုဒ်တွေက ပိုပြီး ဆက်စပ်မှုရှိလာတယ်။ မဆိုင်တာတွေ ထည့်ရေးတာတွေ လျော့ကျလာတယ်။ ပိုမိုကျစ်လျစ်ပြီး ထိရောက်မှုရှိလာပါတယ်။ ဒါပေမဲ့ တချို့ကတော့ အကြောင်းအရာတွေကို ထပ်တလဲလဲရေးပြီး စာမျက်နှာတွေသာ များတယ်၊ လိုအပ်တဲ့ အချက်အလက်တွေ မပါတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမဲ့ အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်ပါတယ်။ ဒါမှသာ မေးထားတဲ့အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ယခုနှစ်သင်ရိုးညွှန်းတမ်းမှာပါတဲ့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ် ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက် အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်ကို အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ■

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၁ –၂ – ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၆) တွင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် တင်ဆက်ထားသည့် "ပြည်ထောင်စုနေ့" မျက်နှာဖုံးကာတွန်း၊ စကားပြောဆိုရာတွင် ပြောသင့်သည့်စကားနှင့် မပြောသင့်သည့်စကားကို ခွဲခြားသိနားလည်ရန်အတွက် ဗဟုသုတ ဖြစ်ဖွယ် တင်ဆက်ထားသည့် "ပြောသင့်သည့်စကားနှင့် မပြောသင့်သည့်စကား" ဆောင်းပါး၊ သူငယ်ချင်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်ကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ဆက်ထားသည့် "ဇီးကွက်ရုပ်" နှစ်မျက်နှာကာတွန်း၊ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို စာစီကုံးရေးဖွဲ့ထားသည့် "ပြည်ထောင်စုနေ့တို့မမေ့" စာစီစာကုံး၊ မိမိစားချင်သော အစားအစာများကို ကိုယ်တိုင် ချက်ပြုတ်စားသောက်နိုင်သည့်အတွက် စားဖိုမှူးဖြစ်ချင်သော မောင်ချစ်မင်းအကြောင်းကို တင်ဆက်ထားသည့် " စားဖိုမှူးဖြစ်ချင်သူ" တစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် မိခင်တို့၏မေတ္တာကြီးမားပုံကို သိရှိနိုင်ရန်နှင့် အလေးထားသင့်ပုံကို တင်ဆက်ထားသည့် "မာတာမိခင်" ပုံပြင်၊ မိမိကိုယ်တိုင် ကြိုက်နှစ်သက်ခြင်း မရှိသောအရာများကို သူတစ်ပါးအား မပြုလုပ်သင့်ကြောင်း တင်ဆက်ထားသည့် "ကိုယ်ချင်းစာပါ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းဖြစ်သူ သံစူး၍ တုတ်ကောက်ဖြင့် သွားရသည်ကို ကဲ့ရဲ့ခဲ့သော ပုပုသည် မိမိအလှည့်တွင် သူငယ်ချင်းများက မကဲ့ရဲ့ဘဲ ကူညီသည်ကိုတွေ့ရပြီး နောင်တရသွားပုံကိုရေးဖွဲ့ထားသည့် "မလှောင်ပြောင်တော့ပါ" နှစ်မျက်နှာကာတွန်းနှင့် ကလေးလက်ရာ ကာတွန်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍအပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို လူငယ်ရေးရာအသိပညာပေး ဟောပြော

**သထုံ ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို လူငယ်အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက အမှတ်(၄) အခြေခံအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ အဖွဲ့(၆၂)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ် စောထင်လင်းက မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးသန်းက ပြင်ပစာများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် ပြည်ထောင်စုနေ့ အကြောင်း သိကောင်းစရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေခဲ့ပြီး ခင်းကျင်းထားသည့် စာအုပ် စာစောင်များ ပြသထားသည့် မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အကြောင်းအရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ စာသင်ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေး

**သန်လျင် ဖေဖော်ဝါရီ ၉**

သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက်ရှိ ထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူလေးများ မီးဘေးလုံခြုံရေး အသိပညာရရှိနိုင်စေရန်အတွက် ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးနွယ်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက မီးလောင်ရခြင်း အကြောင်းရင်းများနှင့် မီးငြိမ်းသတ်နည်းများကို ဟောပြောခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များကမီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကိုသရုပ်ပြသခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လက်တွေ့ပြန်လည်ငြိမ်းသတ်ပြသကြသည်။

**တင်ဝင်းတင်**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ပဲခူးမြို့နယ်အတွင်း လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ဖောက်ခွဲမှုများ ဆောင်ရွက်ခဲ့သည့် ပဲခူး PDF အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများအပြင် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဥပဒေမဲ့ ကျူးလွန်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် ပဲခူးမြို့ပေါ်ရှိ မဇင်းရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်၊ ရှင်စောပုရပ်ကွက်တို့၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်း ငါးလုံး ဖောက်ခွဲခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်မှုနှင့် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းတွင် ပဲခူးမြို့နယ် ကလိကျေးရွာအနီး၌ ပဲခူးမြို့နယ်အတွင်း လက်လုပ်မိုင်းများဖောက်ခွဲခဲ့သည့် တရားခံ **ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်** (၂၀)နှစ်၊ **မောင်သက်** (၂၃)နှစ်နှင့် ၎င်း၏ဇနီး **ထားထားဝင်း** (၂၃)နှစ်၊ **ငစော (ခ) မျိုးမြတ်မင်းစော** (၁၉)နှစ်တို့ လေးဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဖိုးခွား(ခ) ဉာဏ်မင်းမောင်မောင်၏ ထွက်ဆိုချက်အရ ၎င်းငှားရမ်းနေထိုင်သည့် ပဲခူးမြို့ မဇင်းရပ်ကွက် တိုးချဲ့(၃)လမ်းရှိ နေအိမ်မှ အူဇီသေနတ် တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ပွိုင့်-၃၈ ကျည်တောင့် ၅၀ တို့ကိုလည်းကောင်း၊ မောင်သက်နှင့် ထားထားဝင်းတို့၏ နေအိမ်မှ M-79 ဗုံးပစ်လောင်ချာ တစ်လက်၊ ၄၀ မမ ဗုံးသီး ခုနစ်လုံး၊ C-4 ယမ်း ငါးထုပ်၊ ဒီတိုနေတာ လေးချောင်းနှင့် လက်လုပ်မိုင်း သုံးလုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိတရားခံ ဖိုးခွား(ခ)ဉာဏ်မင်းမောင်မောင်၏ ထွက်ဆိုချက်အရ ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၁) သီးသန့်(၁)လမ်း အမှတ်(သ/၂၂၇)ရှိ မျိုးတင့်၏ နေအိမ်၌ လက်နက်/ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ မျိုးတင့်(၅၅)နှစ်နှင့် ၎င်း၏ဇနီး ယဉ်ယဉ်ဌေး(၄၈)နှစ်တို့ နှစ်ဦးကို M-16 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ ကျည်အိမ်သုံးခု၊ ၄၀ မမ ဗုံးသီး အလုံး ၂၀၊ ၅ ဒသမ ၅၆ ကျည်တောင့် ၁၀၀၊ ကျည်မျိုးစုံ ၂၈၈ တောင့်၊ လက်လုပ်လက်ပစ်ဗုံး ငါးလုံးတို့ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်၏ ထွက်ဆိုချက်အရ ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းကြောင်းအခြေအနေကြည့်ရှုပေးသူ သူရိန်အောင်(ခ)အောင်သူ(၁၉)နှစ်ကို ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် ပုဏ္ဏားစု(၁၄)လမ်းရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ငါးဦး၊ မ နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့ကို လက်နက်မျိုးစုံ လေးလက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ၄၀ မမဗုံးသီး ၂၇ လုံး၊ ကျည်မျိုးစုံ ၄၃၈ တောင့်၊ လက်လုပ်မိုင်းမျိုးစုံ ရှစ်လုံး၊ အခြားမိုင်းနှင့် ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖိုးခွား(ခ)ဉာဏ်မင်းမောင်မောင်သည် ၂၀၂၁ ခုနှစ် ဇွန် ၇ ရက်မှစ၍ KNLA တပ်မဟာ(၃) ရင်း(၉)နယ်မြေရှိ ၄က်ပျောတောစခန်းသို့ သွားရောက်၍ အကြမ်းဖက်သင်တန်း သုံးလ တက်ရောက်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **ငရဲ(ခ) ရဲထွဋ်လှိုင်** ခေါင်းဆောင်သည့် ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ ငစော(ခ)မျိုးမြတ်မင်းစော၊ သူရိန်အောင်(ခ) အောင်သူနှင့် မောင်သက်တို့ သုံးဦးသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်၏ စည်းရုံးမှုဖြင့် ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


ဖိုးခွား(ခ) ဉာဏ်မင်းမောင်မောင်၏ ထွက်ဆိုချက်အရ ဖမ်းဆီးရမိ လက်နက်/ခဲယမ်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ (ပထမပတ်)ခန့်တွင် လူမှုကွန်ရက်မှ တစ်ဆင့် ရင်းနှီးခဲ့သည့် ထိုင်းနိုင်ငံတွင် တရားမဝင်နေထိုင်သော အောင်သပြေက ပေးပို့ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး မောင်သက်၊ မျိုးတင့်နှင့်ဇနီး ယဉ်ယဉ်ဌေး တို့က ၎င်းတို့နေအိမ်များ၌ လက်ခံသိမ်းဆည်းပေးထားခဲ့ခြင်းဖြစ်ကြောင်း၊ လက်လုပ်မိုင်းများကိုလည်း ဖိုးခွား(ခ) ဉာဏ်မင်းမောင်မောင် ခေါင်းဆောင်၍ မောင်သက်၊ ငစော(ခ) မျိုးမြတ်မင်းစောနှင့် ဖမ်းဆီးရန်ကျန် တရားခံ ကုလားလေးတို့က ပဲခူးမြို့ မြို့သစ်ရပ်ကွက် (၇)လမ်းရှိ မောင်သက်၏ နေအိမ်၌ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပဲခူး PDF အမည်ခံအကြမ်းဖက်အဖွဲ့က ပဲခူးမြို့နယ်အတွင်း အောက်ပါအတိုင်း အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်ခဲ့ကြောင်း-

(က) ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်သည် ကဝ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ ကြာညိုနှင့်အတူ ၂၀၂၁ ခုနှစ်

**စာမျက်နှာ ၁၉ သို့ ◆**

ဖေဖော်ဝါရီ ၈ ရက်တွင် ပဲခူးမြို့နယ်အတွင်း အကြမ်းဖက်ဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့သူ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု





ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံများနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။


ဖေဖော်ဝါရီ ၇ ရက်တွင် ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဦးဘိုနီလမ်းရှိ ထရန်စဖော်မာအနီး၌ တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။


ဖေဖော်ဝါရီ ၇ ရက်တွင် ပဲခူးမြို့ ညောင်ဝိုင်း(မြောက်ပိုင်း)ရပ်ကွက် ဈေးတန်းအနီး၌ တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။

◆ စာမျက်နှာ ၁၈ မှ

ဒီဇင်ဘာ ၂၁ ရက်တွင် ကဝမြို့နယ် သက္ကလမြို့ ကန်တော်မင်္ဂလာရပ်ကွက်၌ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးသိန်းဇော်ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ခ) ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်သည် ၂၀၂၂ ခုနှစ် မတ် ၄ ရက်တွင် ကဝမြို့နယ် ပေါက်ကုန်းကြီးကျေးရွာအုပ်စု အေးရွာသစ်ကျေးရွာအနီး၌ မမောက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ဇော်နှင့် ရစ်ကန်ကြီးကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးဆန်းဝင်းတို့ နှစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ဂ) ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်နှင့် မောင်သက်တို့ နှစ်ဦးသည် အပြစ်မဲ့ပြည်သူများ ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပဲခူးမြို့ မဇင်းရပ်ကွက် မဟာစေတီကန်လမ်းထောင့်၌ လက်လုပ်မိုင်း တစ်လုံးအား လည်းကောင်း၊ ရှင်စောပုရပ်ကွက် ဦးဘိုနီလမ်းရှိ ထရန်စဖော်မာ အနီး၌ လက်လုပ်မိုင်း နှစ်လုံးကို လည်းကောင်း၊ ညောင်ဝိုင်း(မြောက်ပိုင်း) ရပ်ကွက် ဈေးတန်းအနီး၌ လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း ဖောက်ခွဲခဲ့ကြောင်း။

(ဃ) အလားတူ ငစော(ခ)မျိုးမြတ်မင်းစောနှင့် ဖမ်းဆီးရန်ကျန် တရားခံ ကုလားလေးတို့ နှစ်ဦးသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်(၉)လမ်း၌ လက်လုပ်မိုင်း နှစ်လုံးကို လည်းကောင်း၊ ပုဏ္ဏားစုရပ်ကွက် (၈)လမ်း၌ လက်လုပ်မိုင်းတစ်လုံးကို လည်းကောင်း သွားရောက်ဖောက်ခွဲခဲ့ပြီး သူရိန်အောင် (ခ)အောင်သူမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေကို စောင့်ကြည့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် ညပိုင်းတွင် ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကို လက်လုပ်မိုင်းများဖြင့် ထပ်မံဖောက်ခွဲရန် စီစဉ်လုပ်ဆောင်နေစဉ် အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နှင်းရှာဖွေစစ်ဆေး ဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်သမားများမှ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်မီ အချိန်မီ ကြိုတင်သတင်းလက်ဦးမှုရယူကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးခွား(ခ)ဉာဏ်မင်းမောင်မောင်၏ ထွက်ဆိုချက်အရ ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ ငရဲ(ခ)ရဲထွဋ်လှိုင်မှ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် တစ်လလျှင် နှစ်သိန်းကျပ်၊ ဖမ်းဆီးရန်ကျန် တရားခံ အောင်သပြေမှ တစ်လလျှင် လေးသိန်းကျပ် ထောက်ပံ့ပေးကြောင်း၊ အဆိုပါရရှိသည့် ငွေကြေးများကို ဖိုးခွား (ခ) ဉာဏ်မင်းမောင်မောင်၊ မောင်သက်၊ ငစော(ခ) မျိုးမြတ်မင်းစောနှင့် သူရိန်အောင်(ခ) အောင်သူတို့မှ ခွဲဝေယူကြသည့်အပြင် လက်လုပ်မိုင်းများ ပြုလုပ်ရာတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကဝမြို့နယ် သက္ကလမြို့ ကံတော်မင်္ဂလာရပ်ကွက်၌ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဦးသိန်းဇော် (၆၂)နှစ် (စိုးရိမ်ရ)

၂၀၂၂ ခုနှစ် မတ် ၄ ရက်တွင် ကဝမြို့နယ် အေးရွာသစ်ကျေးရွာအနီး၌ လုပ်ကြံသတ်ဖြတ်ခံရသည့် မမောက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့၏ မှတ်တမ်းဓာတ်ပုံ။



ဦးမောင်ဇော် (၄၆)နှစ် (သေဆုံး)



ဦးဆန်းဝင်း (၅၆)နှစ် (သေဆုံး)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ ပန်းတော်ရပ်ကွက်နေ ဟိန်းဝေ(ခ)ကိုဟိန်းသည် ၎င်းအသုံးပြုသည့် “Ko Hein” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ အေးဟေမာသိမ့်သည် ၎င်းအသုံးပြုသည့် “Ma Hay Man” Facebook အကောင့်နှင့် မင်္ဂလာဒုံမြို့နယ်နေ တင်နိုင်ထွန်းသည် ၎င်းအသုံးပြုသည့် “Tin Naing Tun” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

## ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား CDF အမည်ခံ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ချင်းပြည်နယ် ထန်တလန်မြို့သို့ CNF အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ မကြာခဏပစ်ခတ်မှု၊ ဝင်ရောက်မီးရှို့မှုစသည့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်မှုကြောင့် မြို့နေပြည်သူအချို့အနေဖြင့် မြို့မှ ယာယီ တိမ်းရှောင်သွားခဲ့ရာ ကျန်ရှိသော မြို့ခံပြည်သူလူထုအချို့နှင့် ယာယီတိမ်းရှောင်နေသူများ၏ အိုးအိမ်အဆောက်အအုံများကို မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့၏တောင်ဘက်ရှိ လုံခြုံရေးတပ်စခန်းတို့ကို ဖေဖော်ဝါရီ ၈ ရက် ည ၁၀ နာရီမှစတင်ကာ ယနေ့နံနက်ပိုင်းအထိ CDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

CDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်ခဲ့သည့် ထန်တလန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး နေရာပြပုံ




မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် ရှုပ်ရှုပ်ချွံချွံဖြင့် အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်အဖွဲ့၏ သာလွန်အင်အားဖြင့် တိုက်ခိုက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရမှုများလာခြင်းတို့ကြောင့် ယနေ့ နံနက် ၂ နာရီခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူများ ရယူကာ စနစ်တကျဖြင့် ဆုတ်ခွာခဲ့ပြီး မြို့တောင်ဘက်ရှိ လုံခြုံရေးတပ်စခန်းသို့ အောင်မြင်စွာ သွားရောက်ပူးပေါင်းနိုင်ခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး ပြုပြင်ရန်လိုအပ်သည့် လက်နက်ငယ်အချို့ ဆုံးရှုံးခဲ့ရသည်။ အဆိုပါ မြို့နယ်ရဲစခန်းအား ပြန်လည်သိမ်းပိုက်နိုင်ရေးနှင့် မြို့လုံခြုံရေးအတွက် တပ်မတော် စစ်ကူစစ်ကြောင်းများက ယနေ့ညနေပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိစုဖွဲ့လျက်ရှိပြီး ရဲတပ်ဖွဲ့မှူးစခန်းအား ပြန်လည်သိမ်းပိုက်နိုင်ရေးနှင့် ထန်တလန်မြို့အတွင်း အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်မှု (Counter-Terrorism Operation) အတွက် လိုအပ်သည်များ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၆၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၉-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၇၈,၂၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၃၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့် ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝေပုံကျနှုန်းထား သတ်မှတ်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝေပုံကျနှုန်းထား သတ်မှတ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် နေပြည်တော်ကောင်စီနယ်မြေတိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသူများအတွက် သဟဇာတဖြစ်၍ သင့်တင့်လျောက်ပတ်သောလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊ မသန်စွမ်းသူများ အကျိုးဝင်အတားအဆီးကင်းစင်သည့် လုပ်ငန်းခွင်များဖြစ်ပေါ်လာစေရေး၊ မသန်စွမ်းအလုပ်ရှင်နှင့် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကဏ္ဍများတွင် မသန်စွမ်းသူများ ပါဝင်လုပ်ကိုင်မှုမြင့်မားစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဝေပုံကျနှုန်းထားသတ်မှတ်နိုင်ရေးအတွက် အမျိုးသားကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝေပုံကျနှုန်းထား သတ်မှတ်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခဲ့ကြကြောင်းနှင့် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝေပုံကျနှုန်းထားသတ်မှတ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲများကို ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၃ ခုနှစ် မတ်လ(၈)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်သည့် တီထွင်ဆန်းသစ်မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသောဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအားပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကိုပြိုင်ပွဲဝင်သူမှ သဘောတူ ခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆု စုစုပေါင်း(၃)ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft –copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၃ ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၀၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswmncw2023@gmail.com သို့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး အမှတ်စဉ်(၂) (ဂ၊ ဃ ၊ င)ပါ စည်းကမ်းချက်များနှင့် မကိုက်ညီသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၅။ ဆုရရှိသူများကို ၂၀၂၃ ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၊ MICC-II နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၆-၂-၂၀၂၃ ရက်မှအဆက်

"ကဲ ကိုအေးဆွေ၊ ရှင်လည်း တော်တော်နဲ့ ကျောင်းတက်နိုင်သေးမှာမဟုတ်ဘူး။ ဒီတော့ ဆရာကြီးဆီကိုပို့ဖို့ ခွင့်တိုင်စာရေးပါ။ ကျွန်မ ဒီက ကျောင်းပြန်သွားရင် ပို့ပေးမယ်"

ဆေးခန်းမှအထွက် ဆေးရုံအဆောက်အအုံ၏ စင်္ကြံဆောင်ထဲအရောက်တွင် ခင်သန်းဌေးက ကိုအေးဆွေအား ပြောလိုက်ခြင်းဖြစ်၏။ ထို့နောက် သူသည် လက်မှ နာရီကိုကြည့်လိုက်၏။ နာရီမှာ မွန်းလွဲပိုင်း ၁၂ နာရီခွဲပင် ရှိနေပေပြီ။

"ပြီးတော့ ရှင်ရွာကို ခုတိုင်းပြန်သွားလို့ မဖြစ်သေးဘူး။ ခုတိုင်း ခြေကျင်ပြန်သွားရင် ခြေထောက်သွေးကျပြီး ပိုဆိုးသွားလိမ့်မယ်။ ဒီမြင်းလှည်းနဲ့ပဲ စီးပြီး ပြန်သွားပါ"

ခင်သန်းဌေးက အားနာခြင်း၊ ကြင်နာခြင်း အမှုအရာဖြင့် ဆေးရုံရှေ့တွင် သူတို့အား စောင့်ဆိုင်းရပ်နေသော မြင်းလှည်းဆီသို့ တစ်ချက်မျက်စိဝေ့ကြည့်ရင်း ကိုအေးဆွေအား ပြောလိုက်သည်။

"ဟာ ကိစ္စမရှိပါဘူး မခင်သန်းဌေး၊ ခုတိုင်း ပြန်သွားလို့ရပါတယ်" ကိုအေးဆွေကလည်း အားနာဟန်ဖြင့် ငြင်းပယ်လိုက်၏။

"အို ခုတိုင်းပြန်သွားလို့ ဘယ်ဖြစ်မလဲ ကိုအေးဆွေရဲ့။ ကဲပါလေ ခွင့်တိုင်စာသာ ဒီခုံပေါ်မှာရေးပါ။ ကျွန်မ မြင်းလှည်းသမားကို ပြောလိုက်ပါမယ်"

ခင်သန်းဌေးသည် ကိုအေးဆွေအား ဆေးရုံစင်္ကြံဆောင်ရှိ လူနာများထိုင်လေ့ရှိသော ခုံတန်းလျားပေါ်တွင် ခွင့်တိုင်စာရေးရန် ညွှန်ပြပြီးနောက် မြင်းလှည်းဆီသို့ ထွက်သွားလေသည်။

ထို့နောက်တော့ ခင်သန်းဌေးသည် မြင်းလှည်းသမား ကိုဘညိုကြီးအား ကိုအေးဆွေကို လက်ပံပင်ရွာအထိ လိုက်ပို့ရန်အကြောင်း၊ မြင်းလှည်းခမှာ ယခုပေးရန် ပါမလာကြောင်း၊ မိမိအိမ်သို့ လာတောင်းပါရန်အကြောင်း စသည်ဖြင့် ပြောဆိုမှာကြားနေလေသည်။

[ ၆ ]

နွေဦးကာလ၏ ကျောင်းအားသောရက်တစ်ရက် ဖြစ်လေသည်။

"ဟင် ဌေးဌေးပါလား"

ကိုအေးဆွေသည် ထမ်းပိုးတစ်ဖက်လျှင် မြူအိုး ၇ လုံး၊ ၈ လုံးလောက်ကို လျှို့ထမ်းကာ လာရင်းက တဲအရောက်တွင် တဲရှေ့ကွပ်ပျစ်ပေါ်၌ ထိုင်၍ စာဖတ်နေသော ခင်သန်းဌေးအား နှုတ်ဆက်လိုက်သည်။ ကိုအေးဆွေသည် မမျှော်လင့်ဘဲနှင့် ခင်သန်းဌေးအား တွေ့လိုက်ရသဖြင့်လည်း ဝမ်းသာကြည်နူးသွားသည်။ တောက်ပသောအပြုံးဖြင့်လည်း ခင်သန်းဌေးအား ရွှန်းရွှန်းစားစား ကြည့်လိုက်မိသည်။

ဝတ္ထုစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသော ခင်သန်းဌေးသည် ကိုအေးဆွေ၏ နှုတ်ဆက်လိုက်သံကြောင့် မော့ကြည့်လိုက်ရာ ကိုအေးဆွေနှင့် မျက်လုံးချင်း ဆိုင်မိသွားသည်။ ထိုအခါ ခင်သန်းဌေးက သူ့မျက်နှာကို လျင်မြန်စွာ အောက်သို့ ငုံ့ပစ်လိုက်သည်။ ကိုအေးဆွေ၏ရင်တွင်းမှာလည်း တလှပ်လှပ် ဖြစ်သွားသည်။

နောက်ပြီးတော့မှ ခင်သန်းဌေးသည် ပြန်မော့လာကာ "ဟုတ်တယ်၊ ဒေါ်လေး ချောက်ကို အလည်သွားနေတာနဲ့၊ ကျောင်းကလည်းအားတာနဲ့၊ ကြီးကြီးမေတို့နဲ့ အတူလိုက်လာတာ"

ထန်းလှည့်နေ့တိုင်းတွင် ခင်သန်းဌေး၏ဒေါ်လေး ဆိုသည့် မညွန့်မေသာ ထန်းလျက်ကို လာယူစမြဲ ဖြစ်သည်။ ခင်သန်းဌေးသည် ရှေးယခင်က လိုက်ပါလာလေ့ မရှိချေ။ တစ်ခါတစ်ရံ လိုက်ပါလာတတ်သော်လည်း တစ်ခါဖူးမျှ အဖက်လုပ်၍ စကားမပြောခဲ့ဖူးချေ။ စကားပြောရန် မဆိုထားဘိ၊ လှည့်၍ ကြည့်ဖော်ပင် မရချေ။ အဖက်မတန်သလို အမှတ်တမဲ့သာ နေလေ့ရှိခဲ့သည်။

ယခုမူ ခင်သန်းဌေးနှင့် ကိုအေးဆွေတို့မှာ ခွေးဝိုင်းကိုက်စဉ် ကူညီရာမှစတင်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ရှိလာသည်။ ကိုအေးဆွေမှာ ခွေးကိုက်နာကို နှစ်ပတ်ခန့်လောက် ဆေးကုလိုက်ရသည်။ သို့တိုင်အောင် သူ၏ခြေသလုံးတွင် ခွေးကိုက်ထားသည့်အမာရွတ်သည် သေရာပါမည့် အမှတ်လက္ခဏာအဖြစ် ကျန်ရစ်ခဲ့လေသည်။

ထိုအချိန်မှစ၍ သူတို့နှစ်ဦးမှာ ခေါ်ရဲ ပြောရဲ ဆိုရဲ ဖြစ်လာသည်။ တစ်ဦးနှင့်တစ်ဦး ကျောင်းမှာပင် တပူးတွဲတွဲ ဖြစ်လာသည်။ ကိုအေးဆွေသည် အတန်းထဲတွင် ဘာသာတိုင်းလိုလို တော်သောကျောင်းသားတစ်ဦး ဖြစ်သည်။ အထူးသဖြင့် ဂဏန်းသင်္ချာဘာသာတွင် အတော်ဆုံး ကျောင်းသားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်လည်း ခင်သန်းဌေးသည် သူတွက်မရသော ဂဏန်းပုစ္ဆာများကို ကိုအေးဆွေအား အကူအညီတောင်းတတ်၏။ ကိုအေးဆွေကလည်း စိတ်ရှည်လက်ရှည်ဖြင့် တွက်နည်း တွက်ပုံများကို ပြပေးတတ်၏။ ဤသို့ဖြင့် တဖြည်းဖြည်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာကြသည်။

"ဒါဖြင့် ကြီးကြီးမေရော"

"ဟိုဘက်တဲသွားတယ်"

ကိုအေးဆွေသည် ခေါင်းဆတ်၍ ညိတ်လိုက်မိရင်း ဦးစံကျော်တို့တဲဘက်သို့ အမှတ်မထင် လှမ်းကြည့်လိုက်မိသည်။ ကြီးကြီးမေမှာ ဦးစံကျော်တို့၏ ထန်းပိုင်ရှင် ဖြစ်လေသည်။

"ကဲ ဒါဖြင့်ရင်လည်း အေးအေးဆေးဆေး နေဦးပေါ့။ ကျွန်တော် မယိုးကောက်စရာ ကျန်နေသေးလို့ပါ" ဟု ကိုအေးဆွေက ထမ်းပိုးကို မြေကြီးအား ထောက်လိုက်ရင်း ပြောလိုက်သည်။

"အို လုပ်စရာရှိတာ လုပ်ပါလေ။ ဌေးအတွက် အရေးမကြီးပါဘူး။ ဧည့်သည်မှမဟုတ်ဘဲနဲ့။ ကဲ လုပ်စရာရှိ သွားလုပ်ပါလေ"

ခင်သန်းဌေးက သူ့အတွက် တာဝန်မဖြစ်စေရန် ဆိုရင်း လှိုက်လှိုက်ကလေး ရယ်မောလိုက်သည်။

သည်တော့မှ ကိုအေးဆွေလည်း ကျန်အလုပ်များကို ဆက်လက်လုပ်ကိုင်ရန် ထွက်ခွာလာခဲ့သည်။ သို့တစေလည်း သူ၏စိတ်များမှာ ခင်သန်းဌေးဆီသို့သာ ရောက်နေသည်။ ထို့ကြောင့် ကျန်အလုပ်များကို တက်သုတ်ရိုက်ကာ လုပ်နေတော့သည်။ တကယ်တော့လည်း အလုပ်မြန်မြန်ပြီးမှ ခင်သန်းဌေးနှင့် စကားပြောရမည် မဟုတ်ပါလား။

အလုပ်ကိုသာ လုပ်နေရသည်၊ ကိုအေးဆွေ၏ စိတ်များက ခင်သန်းဌေး၏ အကြောင်းများကိုသာ စဉ်းစားနေမိသည်။

တစ်ချိန်ကဆိုလျှင် ခင်သန်းဌေးအား မာနခဲမလေးဟုသာ မြင်နေမိသည်။ ထို့အပြင် လူကုံထံမိဘများက ပေါက်ဖွားလာသည် ဖြစ်၍လည်း သူ့အပေါင်းအသင်း ကျောင်းသူလေးများမှာ လူချမ်းသာ၊ လူကုံထံအသိုင်းအဝိုင်းမှ အမျိုးသမီးကျောင်းသူလေးများသာ ဖြစ်သည်။ ဆင်းရဲသားမိန်းကလေး ကျောင်းသူများနှင့် အရောတဝင် ပေါင်းသည်ကို မတွေ့ရချေ။

လွန်ခဲ့သော တစ်ခါတုန်းကဆိုလျှင် ကိုအေးဆွေသည် ကျောင်းအားသောနေ့ဖြစ်သဖြင့် ကျောက်ပန်းတောင်းသို့ ကိစ္စတစ်ခုဖြင့်သွားရင်း မိခင်လုပ်သူ ဒေါ်ဘုမက ပထမနေ့က မညွန့်မေမှာသွားသော သကာရည်အိုးကို ခင်သန်းဌေးတို့အိမ်သို့ ဝင်ပေးပို့စမ်းပါဟုဆိုသဖြင့် ဝင်ပေးဖူးသည်။

"ဟောဒီမှာ အမေက အပေးခိုင်းလိုက်လို့ သကာရည်အိုး"

ကိုအေးဆွေသည် အိမ်ရှေ့ဧည့်ခန်းတွင် ခံ့ညားစွာ ထိုင်နေသော ခင်သန်းဌေးအား ပြောလိုက်ရင်း ကုလားထိုင်နားတွင် ခပ်ယို့ယို့ ရပ်နေမိသည်။ ခင်သန်းဌေးသည် စမ်းစမ်းမြင့်နှင့်ထိုင်ကာ စကားပြောလျက်ရှိ၏။ ခံ့ညားသော အိမ်ကြီးနှင့် ထည်ဝါစွာ ပြင်ဆင်မွမ်းမံထားသော ဧည့်ခန်းကြီး၏ အရှိန်အဝါကြောင့်လည်း ကိုအေးဆွေမှာ မဝံ့ရဲရဲ ဖြစ်နေသည်။ ထန်းလှည့်ဘက်၊ စီးပွားဘက်ဖြစ်သော်လည်း သူတို့မှာမူ ကျိုကျိုတက်ချမ်းသာလှ၏။ မိမိတို့မှာကား စုတ်ချာသော တဲအိမ်ကလေးကိုပင် ရုတ်တရက် ပြင်ဆောက်နိုင်ဖို့မဆိုထားဘိ၊ စားဖို့ဝတ်ဖို့ပင် မနည်းရုန်းကန်ရသည့် အဖြစ်ကြောင့် သူတို့နှင့် ယှဉ်လိုက်တိုင်း မိမိတို့မှာ အလိုလို အောက်ကျကာ အားငယ်နေမိသည်။

"ဩော်၊ ဒေါ်လေးမှာခဲ့တယ်ဆိုတဲ့ သကာရည်အိုးနဲ့ တူတယ်။ အဲဟိုမှာ ထားခဲ့ပါ"ဟု ခင်သန်းဌေးက ကြမ်းပြင်တစ်နေရာသို့ လက်ညှိုးထိုးကာပြလိုက်ရင်း ဆို၏။

ထို့နောက်တွင်မူ ခင်သန်းဌေးသည် စမ်းစမ်းမြင့်နှင့်သာ ပြောလက်စ စကားကို ဆက်လက်ပြောနေသည်။ ကိုအေးဆွေအား "ထိုင်ပါဦး" ဟု လောကဝတ်ပင် မပြုချေ။

ထို့ကြောင့်လည်း ကိုအေးဆွေမှာ ဟိုနားထိုင်ရတော့မလို၊ သည်နားတွင် ထိုင်ရတော့မလိုနှင့် ယောင်နနဖြစ်နေသည်။ အခြားလူကြီးများလည်း ရှိကြဟန် မတူပေ။ ကြာတော့လည်း ကိုအေးဆွေသည် သည်မျှအထိ လူမှုဆက်ဆံရေး နားမလည်သော၊ ဒါမှမဟုတ်လည်း မိမိအား သူတို့နှင့် တစ်စားပွဲတည်း ကုလားထိုင်တွင် ထိုင်ရမည်ကို ရွံ့ကြောက်ဘိအလား အဖက်မတန် လူတန်းစားခွဲခြားလိုသော ခင်သန်းဌေးတို့အပေါ်တွင် ဒေါသဖြစ်မိလာသည်။

ဦးမြမောင်၊ ဒေါ်လှတင်တို့မှာမူ အသက်အရွယ်ကြီးရင့်သူများဖြစ်ကြသည့်အပြင် မိဘဘိုးဘွားများလက်ထက်ကတိုင် ရှိသေလေးစားလာရသည်မို့ မထောင်းတာ။ တစ်ဦးနှင့်တစ်ဦး ကျေးဇူးခံ ကျေးဇူးစားများ ဖြစ်နေကြ၍ လေးစားရ၏။

ယခုလို သူလို ငါလို အသက်အရွယ်ချင်း မတိမ်းမယိမ်းလည်းဖြစ်၊ ကျောင်းတွင် တစ်တန်းတည်း လည်းနေရသော သူတို့က မိမိအား အဖက်မတန်သလို ဆက်ဆံခြင်းခံရသည့်အဖြစ်ကို တွေ့လာရသောအခါ ကိုအေးဆွေမှာ အသားများ ဆတ်ဆတ်တုန်လာခမန်း ဒေါသဖြစ်လာတော့သည်။

"ကျုပ် ပြန်မယ်" ဟု ကိုအေးဆွေက စကားကို ခပ်ဆတ်ဆတ်ပြောပြီးနောက် သူတို့အား ကျောခိုင်းလိုက်တော့သည်။ တံခါးပေါက်နားဆီသို့ ရောက်သောအခါမှသာ "အေးဟေ့" ဟူသော ခင်သန်းဌေး၏ အထက်စီးမာန်ပါသည့်အသံကို ကြားလိုက်ရသည်။

ယခုတော့မူ ထိုကဲ့သို့သောဆက်ဆံမှုမျိုး လုံးဝမတွေ့ရတော့သည့်ပြင် ရှင်နှင့် ကျွန်မနှင့် ဖြစ်လာသည်။ ထို့နောက်တော့ ဌေးဟူသော အသုံးအနှုန်းဖြင့်ပင် ရင်းရင်းနှီးနှီး ဖြစ်လာသည်။ နောက်ပြီး မိမိကိုလည်း သူ၏ ကျေးဇူးရှင်တစ်ယောက်အနေဖြင့် အသိအမှတ်ပြုထားသည့်အပြင် စာပေရေးရာနှင့် ပတ်သက်လာလျှင်လည်း ဆရာအဖြစ် တင်လာသည်။

ခင်သန်းဌေးတို့သည် ညနေစောင်း နေစွယ်ကျိုးသွားသောအခါမှသာ ပြန်သွားကြတော့သည်။ မပြန်မီ ကိုအေးဆွေနှင့် ခင်သန်းဌေးတို့ ပြောကြသည့် စကားများကလည်း စုံသွားတော့သည်။ ကျောင်းသင်ခန်းစာများအကြောင်း၊ ယနေ့ စာပေလောကရှိ နာမည်ကြီး အမျိုးသားစာရေးဆရာ၊ အမျိုးသမီးစာရေးဆရာမတို့ ရေးသားကြသော ဝတ္ထုများမှ ဇာတ်လမ်းဇာတ်ကွက်များ၊ ဝတ္ထု၏ ဆိုလိုချက်များနှင့် အတွေးအခေါ်များကို ဝေဖန်ကြလေသည်။

ဆက်လက်ဖော်ပြပါမည်။

"ကိုအေးဆွေသည် မမျှော်လင့်ဘဲနှင့် ခင်သန်းဌေးအား တွေ့လိုက်ရသဖြင့်လည်း ဝမ်းသာကြည်နူးသွားသည်။ တောက်ပသောအပြုံးဖြင့်လည်း ခင်သန်းဌေးအား ရွှန်းရွှန်းစားစား ကြည့်လိုက်မိသည်။ ဝတ္ထုစာအုပ်ကို စိတ်ဝင်စားစွာဖတ်နေသော ခင်သန်းဌေးသည် ကိုအေးဆွေ၏ နှုတ်ဆက်လိုက်သံကြောင့် မော့ကြည့်လိုက်ရာ ကိုအေးဆွေနှင့် မျက်လုံးချင်း ဆိုင်မိသွားသည်။ ထိုအခါ ခင်သန်းဌေးက သူ့မျက်နှာကို လျင်မြန်စွာ အောက်သို့ငုံ့ပစ်လိုက်သည်။ ကိုအေးဆွေ၏ရင်တွင်းမှာလည်း ..."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

## အများပြည်သူ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ပါသည်

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများနှင့် စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများ ပြပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် (၁၀-၂-၂၀၂၃)ရက်မှ (၁၄-၂-၂၀၂၃)ရက်ထိ တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတ ဖျော်ဖြေမှုများနှင့် ကျင်းပမည်ဖြစ်ရာ အများပြည်သူအပေါင်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

### အများသိစေရန်ကြေညာခြင်း

ကျွန်မဒေါ်ခင်သန္တာဦး[၁၂/တမန(နိုင်)၀၉၆၁၉၃] ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၀၄)ရပ်ကွက် ရွှေလင်းယုန်လမ်း၊ အိမ်အမှတ်(၁၄၁၆) (က) အခြမ်း၊ အကျယ်အဝန်း(၁၀x၆၀)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင်တည်ရှိသော အိမ်နှင့်တကွ ရေမီးအစုံ၊ သီးပင်စားပင်များအပါအဝင် အိမ်အတွင်းရှိ ပစ္စည်းအစုံတို့အား မိမိမှ ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ဤကြေညာသည့်နေ့မှစ၍ အိမ်ပြင်ငွေချေးငှားခြင်း၊ ရောင်းဝယ်ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းတို့အား လုံးဝခွင့်မပြုပါကြောင်းနှင့် ပြုလုပ်ခြင်းတွေ့ရှိပါက ဥပဒေကြောင်းအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်ခင်သန္တာဦး[၁၂/တမန(နိုင်)၀၉၆၁၉၃]**
**တိုက်(၅၃၁၈)၊ အခန်း(၀၅)၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း-၀၉-၄၂၀၇၂၁၄၅၇**

### အမည်ပြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကျိုရွှမ်းအုပ်စု၊ အမှတ် (CR. 125)နေအဖ ဦးမုန်ဂျိုင်ဆွတ်ဂွမ်၏သား **မောင်ဂလောင်းဆွတ်ဆိုင်းအောင်အား မောင်ဩဂတ်စတင်းဆွတ်ဆိုင်းအောင်** ဟု ပြောင်းလဲခေါ်ပါရန်။

## တောတောင် ပျက်ပြုန်း မြေဆီသုဦး၏

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်း၊ ကွင်းအမှတ်-၁၄၊ ထန်းပင်ကုန်းမြောက်၊ ဦးပိုင်နံပါတ်-၀/၆ ဦးသန်းလှိုင် အမည်ပေါက်မြေမှ (၀.၀၈၅)ဧကအကျယ်ရှိ အိမ်နှင့်မြေကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ဝင်းကြည်[၁၂/ဥကတ(နိုင်) ၀၁၁၈၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောဝင်း(အယ်လ်အယ်လ်ဘီ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁/၂၃-၅-၁၉၈၉)**
**သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၇)ပေါ်တွင် ဆောက်လုပ်ထားရှိသည့် (၂)ခန်းတွဲ(၅ ထပ်တိုက်) အဆောက်အဦ၏ အကျယ်အဝန်း (၁၁'x ၄၂')ရှိ (မြေညီထပ်+မှန်ခန်းတွဲလျက်တည်ရှိသော) တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်မိုး [၁၂/ဒပန (နိုင်)၀၀၀၈၉၉]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုနန္ဒာထွန်း** | **ဒေါ်ခိုင်ဇာလွင်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၇၃၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၈)** |

**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၄၄၆၆၇**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၁၁၁၉၊ ဇေယျာသိဒ္ဓိလမ်းနှင့် တန်ဆောင်းလမ်းထောင့်၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၁၁၉၊ ဧရိယာ (၄၀x၆၀)ပေရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးချစ်ခင် (ISN-369242) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှတရားဝင်မခွဲမစိတ်ရသေးသည့် (၂၀x၆၀)ပေရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဦးမြင့်ရွှေ[၁၂/သကတ(နိုင်)၀၇၁၆၂၂]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက်အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့၊ ဦးပိုင်အမှတ်နှင့် ခုနှစ် (၅၀-၁၉၉၀-၉၁)၊ မြေကွက်အမှတ်/ကွင်းအမှတ် (၇/ပျူစောထီးတောင်)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၆၀ပေx၈၀ပေ)၊ ဧရိယာ (၀.၁၁၀) ဧကရှိ ဦးလှဝင်း အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ် (ဘီ/၆၇) နှင့် ကပ်လျက်ဘက်ခြမ်းဖြစ်သော မြေအကျယ်အဝန်း (အလျားxအနံ) (၃၀ပေx၈၀ပေ)ရှိ ယခုအခေါ်အမှတ် (ဘီ/၆၈)၊ ခွာညိုလမ်း၊ ကျန်စစ်သားနယ်မြေ၊ ပျူစောထီးကျေးရွာအုပ်စု၊ ပုဂံမြို့၊ ညောင်ဦးခရိုင် မန္တလေးတိုင်းဒေသကြီးဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၃၀)ဂရန်မူရင်း၊ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဂရန်အမည်ပေါက် ဦးလှဝင်း (ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်တင်ညို [၉/ညဥန(နိုင်)၀၂၉၂၂၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၇-၂-၂၀၂၃) ရက်စွဲပါ "မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| **LL.B, W.I.P.O(Switzerland)** | **LL.B,D.B.L,B.D.S (MOFA) (Dip in English)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇)** | **W.I.P.O (Switzerland)** |
| | **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)** |

**အမှတ် ၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၄၄၂၇၅၃၆၁၅**

### ပြည်ထဲရေးဝန်ကြီးဌာန
### အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ်၊ ကင်းသာ (၁/၂)၊ ကုန်ထုတ်စခန်း တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန်လိုအပ်သော ရိက္ခာဆန် (၃၁၇၄)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပေးသွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံ စပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန် နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

| | | | |
|---|---|---|---|
| ၃။ | တင်ဒါပုံစံရောင်းချမည့် ရက်/နေရာ | - | ၁၁-၂-၂၀၂၃ ရက်မှ ၂၄-၂-၂၀၂၃ ရက်ထိ (ရုံးချိန်အတွင်းသာ) နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ် |
| ၄။ | တင်ဒါဖွင့်မည့်ရက်နှင့် အချိန်/နေရာ | - | ၂၇-၂-၂၀၂၃ရက် နံနက် ၁၀ နာရီ ဖြစ်ပါသည်။ နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ် |

၅။ တင်ဒါတစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်း)နှုန်းဖြင့် တာဝန်ခံအရာရှိ နေပြည်တော် အချုပ်ထောင် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တာဝန်ခံအရာရှိ နေပြည်တော် အချုပ်ထောင် ဖုန်း ၀၉-၄၄၂၄၀၄၀၂၅၊ ၀၉-၄၂၀၁၄၄၁၂၃၊ ၀၆၇-၄၃၁၄၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ တိုးချဲ့(၂)အနောက်ခြမ်း၊ နှောင်ရိုး(၂)လမ်း၊ အိမ်ရာကွက်အမှတ်(B/၈)၊ ဦးသောင်းညွန့်အမည်ပေါက် မြေမှ (၂၀x၆၀)ပေအား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သင်းသင်းထွေး [၁၂/မဂဒ(နိုင်)၁၆၇၇၇၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းမင်းဟိန်း** | **ဦးမိုးကျော်လှိုင်** |
| **LL.B** | **LL.B, D.B.L,D.I.L,D.M.L** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၅၁၂၆၂ (၂၈-၇-၂၀၁၉)** | **စဉ်-၈၀၇၈ (၆-၃-၂၀၁၂)** |
| **ဖုန်း-၇၉၈၃၈၀၁၁၄** | **၀၉-၅၀၉၇၇၅၁** |

**ရှေ့နေများနားနေခန်း (မှော်ဘီတရားရုံးဝင်း)**

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေတိုင်းလမ်း၊ မြေကွက်အမှတ်(၂၂၇)၊ အလျားxအနံ (၄၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်နှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

အထက်ပါ မြေကွက်+အဆောက်အအုံနှင့်ပတ်သက်၍ နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရင်ရင်မာ [၁၂/တမန(နိုင်)၀၅၃၄၃၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်ယမင်းဝါ [၁၂/တမန(နိုင်)၁၁၇၃၀၇] သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးနောက် (၁-၂-၂၀၂၃)နေ့စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် (၂-၂-၂၀၂၃)နေ့စွဲပါ ကြေးမုံသတင်းစာတို့တွင် ကန့်ကွက်ရန်ရှိ/မရှိ ကြော်ငြာများထည့်သွင်း၍ ကြော်ငြာခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့် အဆောက်အအုံ ဝယ်ယူရန်အတွက် (၂၇-၁-၂၀၂၃)နေ့စွဲပါ "မြေနှင့်အိမ်အပြီးအပိုင်ရောင်းချရန် စရန်ငွေပေးကတိစာချုပ်" တွင်ပါရှိသည့်အတိုင်း ဒုတိယအကြိမ် စရန်ငွေများကို ပေးချေရန်အတွက် သတ်မှတ်ထားသည့် နေ့ရက်ဖြစ်သည့် (၃-၂-၂၀၂၃)ရက်နေ့တွင် စာချုပ်ပါစည်းကမ်းချက်အတိုင်း စရန်ငွေထပ်မံပေးချေသော်လည်း မြေကွက်နှင့်အဆောက်အအုံအား ရောင်းချသူ ဒေါ်ရင်ရင်မာ မှ စာချုပ်ပါအတိုင်း စရန်ငွေအား လက်ခံရယူခြင်း မပြုတော့ဘဲ ငြင်းဆန်နေသဖြင့် အဆိုပါ မြေကွက်နှင့်နေအိမ်အား ရောင်းချသူ ဒေါ်ရင်ရင်မာ အနေဖြင့် ဆက်လက်၍ ရောင်းချရန် ဆန္ဒမရှိတော့ပါက စာချုပ်ပါစည်းကမ်းချက်များအတိုင်း ပေးအပ်ထားခဲ့သော စရန်ငွေနှင့် စရန်ငွေ၏ (၂)ဆတို့ကို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဝယ်ယူသူထံသို့ ပြန်လည်ပေးအပ်ရန်နှင့် အထက်ပါအတိုင်း ဆောင်ရွက်မှုမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ယမင်းဝါ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

### ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၃၇၊ ၁/၁၃-ရပ်ကွက်၊ မုံရွာလမ်း၊ အမှတ်-၁၀၇၈ ဟုခေါ်တွင်သည့် ဧရိယာ(အလျား၄၀' x အနံ၆၀')ရှိ ဦးမောင်မောင်ကို (TGN-၀၉၀၄၅၂)အမည်ပေါက်ပါမစ်မြေကွက်ကြီးအနက်မှလမ်းမျက်နှာမူလျှင် (ညာဘက်အခြမ်း) ဧရိယာ(အလျား ၂၀' x အနံ ၆၀') ရှိမြေကွက်နှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါမြေကွက်အားအဆက်စပ်စာချုပ်များဖြင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးဇေထူးအောင် (၁၂/ဒဂန (နိုင်) ၀၂၉၅၅၅၆)ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်သူဇာ (၁၄/ညတန (နိုင်) ၁၉၇၃၃၆၆)ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းမော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၆၄၀၇ )**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄**

## သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၆၆) ရပ်ကွက်၊ မြိတ်လမ်းမကြီး၊ အင်းဝအိမ်ရာ၊ တိုက်အမှတ် - ၄၅/၄၀၂ တွင်နေထိုင်သူ ဒေါ်မို့မို့သူ [၇/ရတန(နိုင်)၀၉၈၄၇၇] (ဘ - ဦးအောင်ကျော်ကျော်) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိရှိနိုင်စေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့သူသည် ၂၀၀၈ ခုနှစ်မှစတင်၍ ကောင်းသောဂုဏ်သတင်း၊ ရိုးသားသောကြိုးစားမှုတို့ဖြင့် ယနေ့တိုင်နှစ်ကာလကြာမြင့်စွာနာမည်ကောင်းဖြင့်လည်းကောင်း၊ လုပ်ငန်းတာဝန် တိကျကျေပွန်မှုဖြင့်လည်းကောင်း၊ နိုင်ငံတော်၏သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တည်ဆဲဥပဒေနှင့်အညီ လုပ်ငန်းဆောင်တာများကိုဝန်ဆောင်မှုပေး၍ လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရပါသည်။

သို့သော် ၂၀၂၂ ခုနှစ်မှစတင်၍ လူပုဂ္ဂိုလ်အချို့သည် ဒေါ်မို့မို့သူ၏ ရိုးသားမှု၊ ခင်မင်အားနာမှုတို့အပေါ် အခွင့်ကောင်းယူ၍ ဒေါ်မို့မို့သူ၏ ကောင်းသောဂုဏ်သတင်းနှင့် ၎င်း၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပျက်ပြားစေရန်၊ ဆုံးရှုံးပျက်စီးစေရန် မကောင်းသောရည်ရွယ်ချက်၊ ခိုင်လုံတိကျခြင်းမရှိသောအကြောင်းပြချက်များဖြင့် ခြိမ်းခြောက်ခြင်း၊ မမှန်စွပ်စွဲတိုင်တန်းခြင်း၊ လုပ်ဖော်ကိုင်ဖက်များအကြား သတင်းမှားများဖြန့်ချိပြောဆိုနေခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ထိုပြုလုပ်မှုများသည် ဒေါ်မို့မို့သူအတွက် ကိုယ်ရောစိတ်ပါအနှောင့်အယှက်ဖြစ်သည့်အပြင် လုပ်ငန်းခွင်အတွင်း အနှောင့်အယှက်ဖြစ်ခြင်း၊ အကျိုးစီးပွားထိခိုက်နစ်နာခြင်းတို့ဖြစ်ပေါ်လျက်ရှိကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မို့မို့သူနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အများပြည်သူက ထင်ယောင်ထင်မှားဖြစ်စေမည့်၊ ဂုဏ်သိက္ခာကျဆင်းစေမည့်အပြုအမူ၊ အပြောအဆိုများကို မည်သည့် ကိစ္စရပ်တွင်မှ ပြုလုပ်ပြောဆိုခြင်းမပြုရန်အသိပေးအပ်ပါသည်။

လူပုဂ္ဂိုလ်အချို့၏အထက်ဖော်ပြပါအပြုအမူများနှင့်စပ်လျဉ်း၍ ယခင်ပြုလုပ်ထားရှိမှုများကိုလည်း မိမိတို့၏ ကောင်းသောအသိဉာဏ်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း၊ ရပ်တန့်ခြင်းများဆောင်ရွက်ပေးကြပါရန်နှင့် ဆက်လက်ပြုလုပ်ဆောင်ရွက်နေမည်ဆိုပါက မည်သူ့မဆို (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ပေးရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်ထိုက်**
**(LL.B, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် - ၁၁၁၆၈) (၂၀-၉-၂၀၁၆)**
**JURISTES**
**(Myanmar Litigation Law Firm)**
**အမှတ်-၂၂၇၊ အခန်း (၆)၊ ပထမထပ်၊ အမ်တီအမ်ဂရုပ်ကွန်ဒိုမီနီယမ် (MTM Group Condominium)၊**
**ဆိပ်ကမ်းသာလမ်း၊ ၇-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၀၅၆၄၊ ၀၉-၄၂၈၀၃၁၃၁၅**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ အောင်စကြာလမ်း၊ တိုက်အမှတ်(၉)၊ (၄)ခန်းတွဲ (၄)ထပ်တိုက်၏ ပထမထပ်၊ အခန်းအမှတ်(၁၁)၊ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြတ်သွင်[၁၃/လခန(နိုင်)၀၀၅၂၁၆]မှ အမည်ပေါက် လျက်ရှိပြီး၊ ၎င်းထံမှ (၅-၃-၂၀၁၇)ရက်စွဲပါအရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး (၈-၃-၂၀၁၇) ရက်စွဲပါ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၇၅/၂၀၁၇ ရရှိထားသူ ဒေါ်စန်းစန်းရီ [၁၂/မဂတ(နိုင်)၀၀၄၂၃၂]မှ ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေသန်း (LL.B., D.I.L)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇၀)**
**အမှတ် - ၂၈၀/၈၊ ငုရွှေမြိုင်လမ်း၊ (၂၅) ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၀၅၇၀၀၊ ၀၉-၇၉၅၅၅၂၁၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၃၆/က (၁၂-ဘီ)၊ ဧရိယာ(၀.၀၄၆)ဧက၊ မြေပိုင်မြေ/အိမ်ရာမြေထွက်ရှိထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်း မြို့နယ်၊ အောင်မင်္ဂလာလမ်းသွယ်(အောင်သိဒ္ဓိ)၊ အမှတ်-၂၇(က)ဟုခေါ်တွင်သော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်စိုးစိုးဦး[၇/တငန(နိုင်)၀၁၅၉၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နန္ဒာထွန်း [၁၂/ မရက(နိုင်)၁၃၈၈၀၆]ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု အထောက် အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်နန္ဒာထွန်း** | **ဒေါ်လှိုင်ဝင်းထွဋ်(LL.B)** |
| **[၁၂/မရက(နိုင်)၁၃၈၈၀၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)** |
| **အမှတ်-၁၄၊ အောင်သိဒ္ဓိမဉ္ဇူလမ်း၊** | **အမှတ်-၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊** |
| **(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။** | **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၉၃၈၈၇** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဗိုလ်ဗလလမ်း၊ မြေကွက် အမှတ်(၇၇၈)၊ အကျယ်အဝန်း(၄၀×၆၀)ပေအကျယ်ရှိ ဦးခင်မောင်ဝင်း (S/OKA-၀၀ ၂၈၇၃)အမည်ပေါက် မြေချပါမစ် မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၇၇၇)နှင့် ကပ်လျက်ဘက်အခြမ်း အကျယ်အဝန်း (၂၀×၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်၊ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန္ဒီမြင့်လွင် (၁၂/မရက(နိုင်)၁၅၁၀၀၅) က လက်ရှိထားစီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သော်သော်စန္ဒီဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)**
**09-43093746**

**ThamarDi Gone Real Estate Co;Ltd**
**Ph-09-408551166, 09-408551188**

## "အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မြင့်ဦး(ဘ)ဦးဘကျော် [၁၂/ဥကတ (နိုင်)၀၁၁၃၉၈]သည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်-၇၆၇ နေ ဒေါ်ကေသွယ်အေး(ဘ) ဦးညွန့်ဝင်း [၁၂/ဥကတ(နိုင်)၀၅၁၂၃၃]အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ (၂၅-၂-၁၉၉၈)ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၁၂၁၇/၉၈ ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးဝင်းသန်း(ခ)ချစ်စု** | **ဒေါ်ခင်သန့်ဇင်ဦး** |
| **(LL.B,D.B.L,D.I.L)** | **(LL.B,D.B.L,D.I.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၄၀၃၄)** | **(စဉ်-၁၃၃၉၂)** |

**အမှတ်-၃၅၇/ခ၊ ထားဝယ်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၀၄၁၅၉၈၊ ၀၉-၄၅၄၃၉၉၉၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၁၁၊ မြေကွက် အမှတ်-၂၂၊ ဧရိယာ(၆၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ သာစုကန်လမ်း၊ မြေတိုင်းရပ်ကွက် (၁၁)၊ ရွှေပြည်သာ၊ ဒေါက်တာချိုချို မြင့်(DO.၀၀၁၅၃၂) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဒေါက်တာချိုချိုမြင့်(DO.၀၀၁၅၃၂) ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသောင်းမြင့်တင်[၁၂/ အစန(နိုင်)၀၂၅၇၁၂]မှ ပါမစ်မူရင်း တင်ပြ၍ ဂရန်သစ်လျှောက်ထားလာ ခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ ရာ မြေပြင်တွင် အုတ်ခြံစည်းရိုးခတ် သော့ပိတ်ထားပြီး၊ မြေပြင်လက်ရောက် ရယူထားမှုမရှိကြောင်း စစ်ဆေးတွေ့ ရှိရပါသည်။ ဦးသောင်းမြင့်တင်မှ ဂရန် ခွင့်ပြုထုတ်ပေးပြီးပါက ဥပဒေနှင့် အညီ မိမိအစီအစဉ်ဖြင့် မြေပြင် လက်ရောက်ရယူသွားမည်ဖြစ်ပါ ကြောင်း (၂၈-၉-၂၀၂၂)ရက်စွဲပါ စာဖြင့် ဝန်ခံကတိပြု လက်မှတ်ရေးထိုးပြီး ပါမစ်မူရင်း၊ အဆက်စပ်အရပ်ကတိ အရောင်း စာချုပ်တို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထား လာရာ တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ(၂၂)လမ်း အနောက်၊ အမှတ်(၂၂)၊ (၁)ခန်းတည်း RC(၆)ထပ်အဆောက်အဦ၏ (ပထမထပ်)၊ (၂-လွှာ)၊ ဧရိယာ (၉၇၂) စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံ ကတိပြုသူဖြစ်သော ဦးစောမျိုးလွင် [၁၂/ကတတ(နိုင်)၀၀၁၅၉၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ဆုမွန်အောင် [၁၂/ကခက(နိုင်)၀၇၂၀၆၃]၊ ဒေါ်သက် ငုံအောင် [၁၂/ကခက(နိုင်)၀၆၃၁၉၃]၊ ဦးသန်းထွန်းအောင် [၁၂/ကခက(နိုင်) ၀၇၄၄၆၆]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်အောင်၊ ဒေါ်သက်ငုံအောင်၊ ဦးသန်းထွန်းအောင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-421157856, 09-798458627**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စုနှင့် ကလီ ထော်အနောက်ကျေးရွာအုပ်စု၊ အထူးဇုန်(၂)၊ C-6လမ်း၊ မြေကွက်အမှတ်(၂၉)၊ ဧရိယာ(၁)ယူနစ်(၅)ဧကရှိ ဦးသိန်းငွေ [၁၃/မရန(နိုင်)၀၁၈၁၆၉]အမည်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော မြေကွက်နှင့် မြေကွက်အမှတ်(၃၀)၊ ဧရိယာ(၁)ယူနစ်(၅)ဧကရှိ ဦးမြင့်သိန်း [၁၃/မရန(နိုင်)၀၁၈၁၀၀]အမည်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသောမြေကွက်များကို ဦးမြင့်သိန်း[၁၃/မရန (နိုင်)၀၁၈၁၀၀]က တရားဝင်လုပ်ပိုင်ခွင့်ရရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်လွင်[၁၂/ ပဘတ(နိုင်)၀၀၁၃၄၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသပေးအပ်ထားပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)** |

**အမှတ်-၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှေ့ကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉**

## တရားဝင်ဇနီးမယားဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်နေ ဦးဆွမ်လွတ်ဆိုင်းတောင်နှင့် ဒေါ်မရန်နန်မိုင်တို့၏သား ဦးဖော်ဝမ်[၁/မကန(နိုင်)၀၈၁၀၁၁]နှင့် မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်နေ ဦးဖော်ယူးဘရန်အောင်+ဒေါ်လရှီးခေါန်ဆန့်တို့၏သမီး ဒေါ်ဖော်ယူးလုဆန်ဘူ[၁/မကန(နိုင်)၁၄၃၄၄၅]တို့သည် ကျွန်းပင်သာနှစ်ခြင်း အသင်းတော်၌ (၂၀-၃-၂၀၁၈) ရက်နေ့တွင် တရားဝင် ထိမ်းမြားလက်ထပ်ပြီးဖြစ်၍ ဒေါ်ဖော်ယူးလုဆန်ဘူသည် ဦးဖော်ဝမ်၏ တစ်ဦးတည်းသော တရားဝင် ဇနီးမယား ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဖော်ဝမ်**
**[၁/မကန(နိုင်)၀၈၁၀၁၁]**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ အိတ်ချ်၊ မြေကွက်အမှတ်-၂၉၉၊ အကျယ်အဝန်း(၂၀ ပေ x ၄၀ ပေ)ရှိ နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၃၉၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ရောင်းသူ ဦးသန်းစိုး [၁၂/မရက(နိုင်)၁၅၃ ၈၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည် ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း (CB ဘဏ်မှအပ) ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁) လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း ၊ အမှတ် (ခ/၁၄၆)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အဦ၏ (တတိယထပ်)၊ (၄-လွှာ)၊ တိုက်ကို မျက်နှာမူလျှင်(လက်ယာဘက်အခန်း)၊ ဧရိယာ (၅၁၇.၅)စတုရန်းပေရှိ တိုက်ခန်း နှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နီနီဝင်းရွှေ [၁၂/မရက (နိုင်)၀၈၅၃၉၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးသန္တာဦး [၁၂/စခန(နိုင်) ၀၆၆၀၇၅]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာဦး ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421157856,09-798458627**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ တိုက်အမှတ် (၂၀၄)၊ (Basement)(၂)ထပ် + RC (၁၂)ထပ် (Lift ပါ) အဆောက်အဦ၏ အခန်းအမှတ် (D-908)၊Tower-D၊ (၉- လွှာ)၊ ဧရိယာ(၁၇၃၄) စတုရန်းပေရှိ The Leaf Residence Condo တိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော Global Green Property Co.,Ltd ၏ကိုယ်စား ဦးဟုန်ချင်ပန်း [၉/ပဥလ(နိုင်) ၀၀၆၅၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်မင်းထွဋ် [၁၂/လသန (နိုင်)၀၂၂၀၀၇]၊ ဒေါ်ပန်သစ္စာ [၁၄/လပတ(နိုင်)၁၅၉၁၈၈]တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံ သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွဋ်၊ ဒေါ်ပန်သစ္စာတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421157856,09-798458627**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်း ထောင်/ အချုပ်ထောင်/ စခန်းတို့တွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန် ဧည့်မထ/ ငစိန် (၂၅%)ဆန် (ဆန်နီနှင့်စပါးလုံး၊ သဲမပါ) **၃၄၄၂၄** အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့် ရက်၌ စပေါ်ငွေ အဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံ စပေါ်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်း ရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက် / နေရာ**။ ၁၀-၂-၂၀၂၃ ရက်မှ ၂၄-၂-၂၀၂၃ ရက် အထိ(ရုံးချိန်အတွင်းသာ) အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အေးသာယာ၊ တောင်ကြီးမြို့၌ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ် ၁၅,၀၀၀/- (ကျပ်တစ်သောင်း ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်/နေရာ**။ ၂၇-၂-၂၀၂၃ ရက်နေ့ နံနက် (၁၀:၀၀)နာရီ ဖြစ်ပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးမြို့၌ ဖြစ်ပါသည်။ (ရက်အပြောင်းအလဲရှိနိုင်ပါသည်။)

၅။ တင်ဒါရွေးချယ်ခြင်း မပြုသူများအား သီးခြားအကြောင်းပြန်ကြားမည် မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၁-၂၀၈၅၄၉၊ ၀၉-၇၆၆၅၁၇၅၃၇၊ ၀၉- ၆၇၇၆၀၃၄၃၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေသည် **"ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂) ရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃၁၈)၊ ဒုတိယထပ် (၃-လွှာ)၊ တိုက်ခန်း နှင့် အကျယ်အဝန်းဧရိယာ (၂၅ x ၅၀) ပေရှိ မြေကွက်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်တင်တင်ရီ [၁၂/ပဘတ(နိုင်)၀၁၅၀၇၆]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူ သူများထံသို့ဖြစ်စေ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်း အဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၅၂၇)**
**အမှတ်(ရ/၁၄ )၊ မေတ္တာလမ်း၊ တိုးချဲ့ (၄) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၄၆၀၂၁၄၀**

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေရပ်ကွက် အမှတ်-၇၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်-၂၀၅(ခ)၊ အကျယ်ပေ (၄၀x၆၀)ရှိ ဦးသက်နိုင်ဦး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်ကြီးအနက်မှ ခြေရင်းဘက်ခြမ်း အကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ RC (၂)ထပ်တိုက် လူနေအိမ်တို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ဦးသက်နိုင်ဦးထံ မှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ နေအိမ်ဆောက်လုပ်လက်ဝယ် ထားရှိပိုင်ဆိုင်သူ ဦးအောင်ဇော်မြင့်[၁၂/ထတပ(နိုင်)၀၇၄၀၄၆]ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်လှ[၁၂/ကမတ(နိုင်)၀၀၂၆၀၅]သည် အိမ်မြေပိုင်ဆိုင်မှု ဖြစ်သော ဦးသက်နိုင်ဦး အမည်ပေါက် မြေချပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်း များနှင့်အတူ အထက်ဖော်ပြပါ အိမ်မြေအား(၈-၂-၂၀၂၃) ရက်စွဲပါ "မြေနှင့်အိမ်အပြီး အပိုင်လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်"ဖြင့် ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင် ထားသူ ပိုင်ရှင်တစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်တင်တင်လှ** | **ဒေါ်ခင်မာလွင် (LL.B.,D.B.L)** |
| **[၁၂/ကမတ(နိုင်)၀၀၂၆၀၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **တိုက်အမှတ်-၈၊ မြေညီထပ်၊ ပျဉ်းမလမ်း။** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(ဆေး/ငြိမ်း)ရပ်ကွက်၊** | **(၅) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ကြည့်မြင်တိုင်မြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၁၁)၊ ၅လွှာ(ယာ)၊ ရေမီးစုံတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစံမင်း[၁၂/ သကတ(နိုင်)၁၁၇၇၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခိုင် [၇/ နတလ(နိုင်)၀၂၄၅၄၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူ မဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် နိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဦးတင်မောင်သိမ်း(မအူပင်)(LL.B)** | **ဒေါ်စုစုခိုင်(LL.B, D.B.L, D.I.L)** |
| **(စဉ်-၅၉၉၁)** | **(စဉ်-၁၁၅၅၃)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၂၄၅၅၉၊ ၀၉- ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး အောင်သူမင်း
## အသက်(၄၆)နှစ်

ရောဂတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နေ (ဦးထွန်းလွင်)-ဒေါ်စိန်စိန်တို့၏ သား၊ ဒေါ်အေးအေးမွန်၏မောင်၊ ဗိုလ်မှူးသိန်းတိုး (ငြိမ်း)၏ အစ်ကို၊ မောင်အုပ်မင်းခန့်၊ မောင်အံ့ဘုန်းမင်းသာတို့၏ ဖခင်၊ ဒေါ်ယမင်းသိမ့်တင်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး အောင်သူမင်း အသက်(၄၆)နှစ်သည် ၈-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၃၈ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၇၀၀)၌ ၉၆ ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနတ အမှတ်စဉ်(၂)မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး**
## Captain မြတ်ထူး (ခ) ဦးခင်မောင်ကြည်
## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၄၈)၊ စရည်းပင်လမ်း၊ သုဝဏ္ဏ (၂၃) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးတင်ရီ-ဒေါ်အေးသန့်) တို့၏သား၊ (ဦးမြတ်လင်း)-ဒေါ်မေမေစိန်တို့၏ ညီ၊ (ဒေါ်မိမိ အောင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာထွန်းနေအောင်-ဒေါ်အိမြတ်သူဇာ၊ ဒေါ်စုမြတ်သီရိ၊ ကိုအောင်မြတ်ထူးစံ-မမေရီ၊ ကိုအောင်ကောင်းမြတ်စံတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဘုန်းမြင့်မောင်၊ မသီရိစု၊ မစံလမင်း၊ မခင်လင်းလက်ကြယ်တို့၏ ဘိုးဘိုးကြီး ဦးမြတ်ထူး(ခ)ဦးခင်မောင်ကြည်သည် ၉-၂-၂၀၂၃ ရက် နံနက် ၉:၂၅ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နွဲ့တင် (မြောက်ဦးမြို့)
**အလပြ(ငြိမ်း)၊ မူလွန်(၃)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်**
## အသက်(၆၂)နှစ်

ရခိုင်ပြည်နယ်မြောက်ဦးမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးမောင်စိန်ဖြူ-ဒေါ်မစိန်ဖြူ)တို့၏ သမီးထွေး၊ တောင်ငူမြို့နေ (ဦးဖြူလှဦး)-ဒေါ်နန်းလှအုန်း၊ ရွှေဘိုလမ်းနေ ဦးသိန်း-ဒေါ်အေးသိမ်းယဉ် (မင်္ဂလာဈေး)၊ (ဦးကြည်)-ဒေါ်ခင်ကြည်(လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ စီးပွား/ကူးသန်းလယ်ယာထွက်ကုန်)၊ ဦးသက်ဦးလွင်-ဒေါ်စောတင် (အထက်တန်းသူနာပြု-ငြိမ်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့)၊ ဦးဇော်ဝင်းချို-ဒေါ်သန်းတင်တို့၏ ညီမထွေး၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်သည် ၈-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ တိုက်အမှတ်(၃၀)၊ လေးလွှာ(A)၊ သင်္ဂဟလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၅၀၄)၊ ရွှေဝါထွန်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် (၅၀၄)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဦးကျင်ငွေ (KLT-၀၉၆၃၂၁) အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်လှလှဝင်း [၁၁/မပန(နိုင်)၀၀၃၅၂၀]မှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၅၁၄၄၄၀၁ ၊ ၀၉-၇၇၅၁၄၄၄၀၂**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာ (၅)လမ်း၊ အမှတ်- ၁၉၅၊ ဒုတိယထပ် (၄-လွှာ)၊ ခေါင်းရင်းဘက်ခန်း၊ (၁၂'x၃၅') အကျယ်ရှိသော တိုက်ခန်းအဆောက်အဦနှင့် ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း [၁၂/ကမရ(နိုင်)၀၂၂၂၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအဆောက်အဦတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများ တင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးသည်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၅၀)**
**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၁၆၀၄၈၀**

---

## ဒေါ်ဒါလှ
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈)ရပ်ကွက်နေ (ဦးအောင်သာလှ-ဒေါ်အညို)တို့၏ သမီး၊ (ဦးစောလှ)-ဒေါ်မြသိန်းဦး၊ (ဦးသာနိုး-ဒေါ်သိန်းနုစိန်)၊ (ဦးစံသိန်း)-ဒေါ်အေးနု၊ ဦးသိန်းစံ-(ဒေါ်သိန်းနုအေး)၊ ဦးအေးမောင်သိန်း-ဒေါ်ခင်ပု၊ ဦးမောင်စံလှ-ဒေါ်မြသိန်းနု၊ ဦးသိန်းကျော်ထွန်း-ဒေါ်မသန်းရွှေ၊ ဦးမောင်မောင်အေး-ဒေါ်သိန်းနုယဉ်၊ ဦးသိန်းကျော်လှိုင်- ဒေါ်အေးအေးမြင့်တို့၏ မွေးသမိခင်၊ မြေး ၂၈ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွား ဒေါ်ဒါလှသည် ၈-၂-၂၀၂၃ ရက် ညနေ ၉:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၂၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (၂၈-ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်- ၁၀၆၈၊ ဦးမောင်စံလှ-ဒေါ်မြသိန်းနုတို့နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ပြုံးရီ
**အ.လ.က(၂) ဒဂုံ၊ အ.ထ.က(၂) ဒဂုံ(ငြိမ်း)**
## အသက် (၆၇)နှစ်

(ဦးရင်မောင်-ဒေါ်ရှုကြူး)တို့၏ သမီး၊ (ဦးမောင်မောင်)၊ ဦးအေးထွန်း-ဒေါ်စန်းစန်းဌေး၊ ဒေါ်ပြုံးချို၊ ဒေါ်စန်းစန်းထွေး (Loi Hein Co., Ltd)တို့၏ အစ်မ၊ မဇူးဇူးလွင်၏အဒေါ် ဒေါ်ပြုံးရီသည် ၈-၂-၂၀၂၃ ရက် မွန်းလွဲ ၂:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၂၃(သောကြာနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးဒေါ်လှလှဝင်း (မှုခင်းတပ်ဖွဲ့CID)
**မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အလုပ်အမှုဆောင်**
## အသက် (၅၂) နှစ်

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် မှ အလုပ်အမှုဆောင် ရဲမှူးဒေါ်လှလှဝင်းသည် ၆-၂-၂၀၂၃ ရက် ၃:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ဌေး
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံး(ရန်ကုန်)**
## အသက်(၄၃)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦသုတေသန ဓာတ်ခွဲခန်းများရုံး(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ခင်ခင်ဌေးသည် ၃-၂-၂၀၂၃ (သောကြာနေ့) ည ၉:၃၆ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MPM 3 မိသားစု**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၃)၊ ပညာတန်ဆောင်လမ်း၊ မြေကွက်အမှတ် (၃၅)၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၂x၆၀)ပေရှိ (ခြေရင်းဘက်) (ဂရန်မိတ္တူခြမ်း) ဦးသာထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်နိုင် [၁၂/ဥကမ(နိုင်)၀၁၆၁၆၆]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၃၂၇/က) ၊ အေးရိပ်သာ (၇)လမ်း ၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၊ ရန်ကုန်မြို့။**
**Ph : 09-450065273**

---

## ဒေါ်ကေသီနွယ် (ခ) Kathreen Shein
**စိန့်ဂျွန်းကွန်ဗန့်ကျောင်းသူဟောင်း၊ လသာ(၂)**
## အသက်(၉၁)နှစ်

မော်လမြိုင်မြို့နေ (ဦးထွန်းရှိန်-ဒေါ်ခင်ခင်)တို့၏ တစ်ဦးတည်းသောသမီး၊ မြောင်းမြမြို့နေ (ဦးစံရှိန်-ဒေါ်ကြူကြူ)တို့၏သမီးချွေးမ၊ [ဦးကဲနက်ရှိန် (ပို့ဆောင်ရေးချုပ်၊ မြန်မာ့မီးရထားနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)]၏ ချစ်လှစွာသောဇနီး၊ ဦးခိုင်မင်းရှိန်-ဒေါ်သန်းသန်းဌေး၊ ဦးထွန်းထွန်း-ဒေါ်နီလာရှိန်၊ ဦးကျော်ကျော်မိုး-ဒေါ်ပုလဲရှိန်(ခေတ္တ-Singapore)၊ ဦးဉာဏ်မင်းရှိန်-ဒေါ်မိုးမိုးသန်း(ခေတ္တ-Singapore)၊ ဦးမျိုးကျော်-ဒေါ်ရတနာရှိန်(ခေတ္တ-Singapore) တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၇-၂-၂၀၂၃ (အင်္ဂါနေ့) စင်ကာပူစံတော်ချိန် နံနက် ၈:၃၂ နာရီတွင် Singapore နိုင်ငံ၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေးမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်မာမာဇင်(CREEDA)
## အသက်(၉၀)

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အမှတ်(၉)၊ သာခုလမ်းနေ (ဦးခိုင်ထူး-ဒေါ်ဖြူးလာ)တို့၏ သမီး၊ [ဦးတင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆသရ)၏ ဇနီး၊ (ဦးတင်မြင့်-ဒေါ်နေဘ်သန်းညွှန့်)၏ အစ်မ ဒေါ်မာမာဇင် (CREEDA) (လ/ထညွှန်မှူး-ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)သည် ၉-၂-၂၀၂၃ ရက် နံနက် ၃:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၂-၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း၍ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးဌေးအောင်
**ဒု-အင်ဂျင်နီယာမှူး၊ YESC (ငြိမ်း)**
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ (၁၈)လမ်းနေ [ဦးနီ(ခ)ဦးသောင်းရွှေ-ဒေါ်သန်းသန်း]တို့၏ သား၊ (ဦးအေးမောင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ (ဦးစိုးအောင်-ဒေါ်ဌေးဌေး)၊ ဦးစံလင်း-ဒေါ်သန်းသန်းအေး(ခ) ဒေါ်ရိုစီ၊ (ဦးတိုးအောင်)တို့၏ အစ်ကိုကြီး၊ ဒေါ်နုကြည်(မူပြ-ငြိမ်း)၏ ခင်ပွန်း၊ ကိုထွန်းထွန်းဦး-မစုစုလှိုင်၊ မစန္ဒာမြင့်၊ ကိုကျော်မင်းသူ-မဆုဝေလှိုင်ထွန်း (Centro International Co.,Ltd)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ခွန်ညာဏ်လွင်၊ မောင်စွမ်းသွေးခေတ်၊ မောင်ပိုင်သူခန့်တို့၏ အဘိုးသည် ၈-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၂-၂၀၂၃ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဝင်း(လယ်ဝေး)
**တရားလွှတ်တော်ရှေ့နေ**
## အသက်(၈၀)

သူငယ်ချင်းဒေါ်ခင်ဝင်းသည် ၈-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.A(Law), (LL.B).1st Batch**
**1964–1968**
**သူငယ်ချင်းများ**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉၈- ပဲမှီကုန်း၊ မြေကွက်အမှတ်-၅၀/ခ-၅၊ ဧရိယာ (၀.၂၇၁)ဧက မြေကွက်တည်နေရာ အမှတ်-၁၂၆/က၊ မင်းကွန်းကျောင်းလမ်း၊ ဗိုလ်ကုန်းရပ်ကွက်၊ အင်းစိန် (ဦးမျိုးညွန့်- [၁၂/အစန(နိုင်)၀၅၇၂၁၀] အမည်ပေါက်၊ B- (မြေပိုင်မြေ)မြေအား အမည်ပေါက် ဦးမျိုးညွန့်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်- ၁၄၉/၂၀၁၁ (၁၉-၁-၂၀၁၂)ဖြင့် ဧရိယာ- ၀.၂၇၁ ဧကရှိ မြေပိုင်မြေကွက်ကြီးအနက်မှ (၄၀ပေ x ၇၀ပေ) စတုရန်းပေရှိ မြေကွက်ကိုချန်လှပ်၍ ကျန်ရှိသော မြေကွက်အစိတ်အပိုင်းနှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ ဝါခင်း၊ ဗိုလ်ကုန်းရပ်ကွက်၊ မင်းကွန်းကျောင်းလမ်း၊ အမှတ်-၁၂၆(က) ဟုခေါ်တွင်သော နေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဗန်လျှန်ထောင်း [၄/ဖလန(နိုင်)၀၅၀၀၄၁]မှ အမည်ပေါက်စာချုပ် အရောင်းအဝယ်စာချုပ် ၁၄၉/၂၀၁၁ စာချုပ်မိတ္တူမှန်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**သင့်**
**သွေးဖြင့်**
**အသက် ကယ်ပါ**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်- ၃၇၊ (၅-လွှာ)(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၂ ½ ပေx၅၀ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ခင်ခင်ဦး [၁၂/လသန(ဧည့်)၀၀၁၀၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမီမီခိုင်(LL.B) (စဉ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၃၆၉)** | **အထက်တန်းရှေ့နေ** |

**အမှတ်- ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၅၆၇၇၆၁၅**

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့် လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...**

❖ **ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများကြောင့် ဒေသတွင်း ရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြင့်လာမည်ဖြစ်...**

❖ **ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...**

❖ **ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...**

❖ **ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများနှင့် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသနိုင်ရေး ကြိုတင်ပြင်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသည်ကို ယနေ့နံနက်ပိုင်းက တွေ့ရသည်။ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❍

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပုံများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD-HD၊ MWD Variety-HD၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့** ဖတ်စရာ

**ပဲခူးမြို့နယ်အတွင်း လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ဖောက်ခွဲမှုများ ဆောင်ရွက်ခဲ့သည့် ပဲခူး PDF အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၈၊ ၁၉